

# နှမ်ဂျာသိုင်း

ယုံအောင်လဲပြောတတ်တယ်

လွမ်းအောင်လဲချွဲတတ်တယ်

ပန်းချီ မောင်မောင်သိုက်

ယုံအောင်လဲပြောတတ်တယ်
လွမ်းအောင်လဲချွဲတတ်တယ်

# အပိုင်းတစ်

## ၁

“ငါကတော့ မင်းကိုအရင်ဆုံး စဉ်းစားမိတာပဲ ဇော်နိုင်၊ မင်းနဲ့ဆိုယင် ဖြစ်မယ်လို့ထင်တယ်၊ ဘယ်နဲ့လဲ”

အားတက်သရော ပြောနေသော နေဦး စကားကြောင့် ဇော်နိုင် ရယ်လိုက်သည်။ သည်ပုဂ္ဂိုလ်သည် သည်အတွေးတွေကို ဘယ်လိုကနေ ရလာပါလိမ့်ဟုလည်း စဉ်းစားမိ၏ ။

“မဖြစ်ဘူးထင်တယ် ကိုနေဦး၊ ခင်ဗျားပြောတဲ့ အလုပ်က သိပ် တာဝန်ကြီးလွန်းတယ်၊ ကျွန်တော်ဆိုတဲ့ ကောင်က ဒီလောက် လေးလေးနက်နက် အလုပ်မျိုး တခါမှ လုပ်ဖူးတာမဟုတ်ဘူး”

“ဟာ…ဒီလိုလဲ ဘယ်ဟုတ်မလဲကွာ၊ ဒီအလုပ်ကတာဝန်ကြီးတယ်ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် မလုပ်ရဲလောက်အောင်တော့ မဟုတ်ပါဘူး”

“မလုပ်ရဲဘူးလို့ ပြောတာ မဟုတ်ဘူး ကိုနေဦး၊ ကျွန်တော့်ကိုယ် ကျွန်တော် စိတ်မချတာ၊ ခုအချိန် ဒါကို စိတ်ပါပေမယ့်၊ တော်ကြာ နောက်တမျိုးပြောင်းယင် ပြောင်းသွားလိမ့်မယ်၊ တော်ကြာကျွန်တော့်ကြောင့် ခင်ဗျားတို့ လုပ်ငန်းကြီး ထိခိုက်သွားမှာစိုးလို့”

“အဲဒီ လိုတော့ လုပ်လို့မဖြစ်ဘူးပေါ့ကွာ၊ လုပ်ယင်လဲ အစကနေအဆုံး စိတ်ပါလက်ပါ လုပ်သွားမှ ဖြစ်နေမှာပေါ့၊ ကလေးတွေ ဒုက္ခမဖြစ်အောင် ပြောတာပါ”

“ဟုတ်တယ်…အဲဒါပဲ ကျွန်တော်လဲ စိုးရိမ်တာပဲ”

ဇော်နိုင့်စကားကြောင့် နေဦးငိုင်သွားသည်။ ဇော်နိုင်စကားက ကြိုးကြောင်းဆီလျှော်မှုရှိသည်။ ကျောင်းနေဘက်သူငယ်ချင်း အချင်းချင်းမို့ ဇော်နိုင့်အကြောင်းကို ဇော်နိုင့်လောက်နီးနီး သူသိသည်။

သို့သော်…စိတ်ထဲမှာတော့ သည်အချက် တချက်ကြောင့် ဇော်နိုင်ကို လက်မလွတ်ချင်သေး။ သည်လုပ်ငန်းမျိုးမှာ ဇော်နိုင်လိုလူမျိုးနှင့်မှ ကိုက်သလို၊ တဘက်ကလည်း အလဟသ ဖြစ်နေသော ဇော်နိုင့်ထံမှ တန်ဖိုးအရည်အချင်းများကို အသုံးချပစ်ချင်နေသည်။ ထို့ကြောင့် ကျွဲကော်ကိုင်းနက် မျက်မှန်ကို လက်ဖြင့် ပင့်တင်လိုက်ပြီး…

“ဒီလိုတော့ရှိတယ်ကွာ ဇော်နိုင်၊ မင်းတာဝန်ခံခဲ့သလိုပဲ၊ မင်းဘဝမှာ တခါမှ လေးလေးနက်နက် အလုပ်မျိုး မလုပ်ခဲ့ဘူးဆိုတာလဲ ငါသိတယ်၊ ဒါကြောင့်လဲ မင်းကို ဒီလိုလေးလေး နက်နက်အလုပ်မျိုး တခုလောက် လုပ်စေချင်တယ်”

“တခြားတယောက်ရှာလို့ မရဘူးဗျာ”

“ရှာမယ်ဆိုယင်တော့ ရှာလို့ရမှာပေါ့ကွာ၊ ဒါပေမယ့် ငါက မင်းကိုပဲ လုပ်စေချင်တယ်၊ မင်းသိတဲ့အတိုင်းပဲ၊ စာမေးပွဲက တလလောက်ပဲ လိုတော့တာ၊ ဒီလအတွင်းဆိုတော့ တခြား ဘာအလုပ်မှမရှိပဲ၊ ဒီတလုပ်ပဲ ဦးစားပေး လုပ်ရမှာဆိုတော့”

“ကျွန်တော့်လို အလုပ်မရှိအကိုင်မရှိ လူ့မျိုးနဲ့မှ လုပ်လို့ ဖြစ်မယ်ဆိုတဲ့ သဘောပေါ့ဟုတ်လား”

နေဦးက ဝန်ခံသလိုရယ်သည်။

“ဟုတ်တယ်…ဇော်နိုင်၊ မင်းဆိုတော့ ငါ့ဘက်ကလဲ ဘာမှ

အားနာစရာမလိုဘူး၊ မင်းက ကျောင်းတဘက်နဲ့ ဆိုပေမယ့် အချိန်ရပါတယ်”

ဇော်နိုင်က တုံ့ပြန်ရယ်ယင်း စဉ်းစားသည်။ လုပ်ငန်းက တာဝန်ကြီးတာတော့ အမှန်၊ သို့သော်…ဂုဏ်ထူးတန်းက တနေကုန်တက်ရသည့် အတန်းမဟုတ်၊ ကျန်အချိန်များတွင် သူ့မှာလည်း တခြားဘာမှ လုပ်စရာမရှိ၊ သည်အတိုင်း ယောင်တောင်ပေါက်တောင်နှင့် ပျင်းစရာဖြစ်နေသည်။ သည်အတိုင်း ပျင်းပျင်းရိရိနှင့် ပျင်းစရာဖြစ်နေသည်။ သည်အတိုင်း ပျင်းပျင်းရိရိနှင့် အချိန်တွေကုန်မည့် အတူတူ တခုခု ကောင်းတာမွန်တာလေး လုပ်နေရ ကောင်းမလား၊ အပန်းတော့ သိပ်ကြီးစရာမရှိ၊ ရှိလည်း ပြဿနာတော့မဟုတ်၊ ဘဝမှာ အပန်းတကြီး ဟူ၍ ဘာတခုမှ သိပ်လုပ်ဖူးသည်မဟုတ်။

ဆုံးဖြတ်ချက်တခု ချလိုက်သည်။

“အင်းလေ…ဒါဖြင့်လဲ လုပ်တာပေ့ါဗျာ၊ အတွေ့အကြုံပေ့ါ၊ ခင်ဗျာတို့ဟာက ဘယ်တော့စမှာမို့လို့လဲ”

“လဆန်းတရက်နေ့ စမယ်”

ဇော်နိုင်က ပြက္ခဒိန် လှမ်းကြည့်သည်။ တပတ်လောက် လိုသေး၏ ။ ပြင်ဆင်ချိန် ရပါသေးသည်။

“လုပ်ဗျာ…ခု၊ ကျွန်တော် ဖြစ်အောင် လုပ်ပေးမယ်၊ ဒီကြားထဲမှာ ခင်ဗျားနဲ့ကျွန်တော် အသေးစိတ်အစီအစဉ်လေးတွေ ထပ်ညှိကြတာပေ့ါ”

နေဦး ခေါင်းညိတ်သည်။

မျက်နှာပေါ်တွင် ကျေနပ်ခြင်းဖြင့် ဝင်းလက်သွား၏ ။

*

ပြဋ္ဌာန်းစာအုပ်ကို ဖတ်ကြည့်ယင်း အလုပ်က သည်လောက် ခက်ခက်ခဲခဲကြီး မဟုတ်ဟု သိလိုက်၏။

နေဦး ပြောတုန်းက ရည်ရွယ်ချက်တွေ၊ စီမံချက်တွေနှင့် ရှုပ်ပွနေသောကြောင့်သာ ဝန်လေးသလို ဖြစ်နေ ခဲ့ခြင်းပင်။ လုပ်ငန်းချည့် သက်သက် ပြန်စဉ်းစားလိုက်သောအခါ ဘာမှ ထွေထွေထူးထူး သိပ်မဟုတ်တော့။

နေဦးတို့ရပ်ကွက်ထဲမှာ စာမေးပွဲနီးနေသော ဆယ်တန်းကလေးတွေကို စာမေးပွဲအနီးကပ် အခမဲ့ စာသင်ပေးဖို့ကိစ္စ။ ကျူရှင်မနေနိုင်သော သို့မဟုတ် ကိုးရိုးကားရား ကျူရှင်များကြောင့် စာမေးပွဲနီးမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော ကလေးများကို သူ့အနေနှင့် သင်္ချာဘာသာ တာဝန်ယူ၍ ပြပေးဖို့ကိစ္စ။

ပူပူနွေးနွေး ကျောင်းပြီးစ၊ ဂုဏ်ထူးတန်း ဆက်တက်နေသော သူ့အဖို့ စာများနှင့် ဘာမှအလှမ်းမဝေးလှသေး။ သင်္ချာဘာသာကလည်း နဂိုက တော်ခဲ့သည်။ တလလောက် အချိန်ယူ ပြပေးလိုက်ရလျှင် ကလေးတွေအဖို့ အတော် အကျိုးရှိသွားနိုင်သည်။

နေဦးပြောသလို ကြီးကြီးကျယ်ကျယ်တွေ လျှောက်စဉ်းစားနေခဲ့ခြင်းကြောင့်သာ စောစောပိုင်းက သူ မရဲတရဲ ဖြစ်နေမိသည်။ နေဦး ပြောပုံကိုလည်း ကြည့်ပါဦး။

“ဒီလိုကွာ…လုပ်ငန်းရဲ့ ရည်ရွယ်ချက်က နံပါတ်တစ်၊ တို့ရပ်ကွက်ထဲက လူငယ်တွေက ဘယ်လို ဖြစ်နေသလဲဆိုတော့ လူကြီးပိုင်းက သူတို့ကိုပစ်ထားတယ်၊ ခိုင်းစရာရှိမှ ခေါ်ခိုင်းပြီး သူတို့အတွက်ကျတော့ ဘာတခုမှ လုပ်မပေးဘူးလို့ အထင်လွဲနေတယ်၊ ဒါကြောင့်လဲ တို့ရပ်ကွက်ထဲမှာ ဘာလုပ်လုပ် လူငယ်ထု ပါမလာဘူး၊ အမြဲ လူကြီးတွေနဲ့ ဗျာကောစ ဖြစ်ဖြစ်သွားတတ်တယ်၊ ဒါကြောင့် ဒီပွဲက လူငယ်တွေအတွက် သက်သက်လုပ်ပေးတဲ့ပွဲပဲ၊ အဲဒီ တော့ လူငယ်နဲ့ တို့စပ်ဟပ်မိသွားအောင် တတ်နိုင်သမျှ တို့ဘက်က တာဝန်လဲ ကျေချင်တယ်၊

အကျိုးလဲအများကြီးရှိအောင် လုပ်ပေးချင်တယ်”

သည်က အစချီပြီး ရေရှည်စီမံကိန်းတွေ၊ မူဝါဒ သဘောတွေ၊ ပြဿနာ အခြေခံတွေ စသည်ဖြင့် စကားလုံးများ ကြီးလာသည်။

ဇော်နိုင် ပြုံးလိုက်၏ ။

သူ့အလုပ်က စာသင်ပေးရုံသက်သက်။ ကျန်သည့်ကိစ္စတွေ နေဦးတို့ သူ့ဘာသာ ဆက်လုပ်၊ ဘာမှ ပြဿနာမရှိတော့။

ဘဝမှာ တခါလောက်တော့ အကျိုးရှိရှိ လေးလေးနက်နက်လေးတွေ လုပ်လိုက်ဦးမည်ဟု ကျေနပ်စွာ တွေးမိသည်။

ဇော်နိုင်တို့ နာမည်ပျက်ခဲ့သည်မှာ ကြာပြီမဟုတ်ပါလား။

## ၂

သူ့စကား အဆုံးတွင် ဘိုးတော်က ဟက်ပက်ပက် ရယ်သည်။

“ဟုတ်မှလဲ လုပ်ပါ ငနိုင်ရာ…မင်းဥစ္စာ ငါတော့ သိပ်မယုံပါဘူး၊ စာသင်ပေးတာတွေ၊ စည်းရုံးရေးတွေ၊ ဘာတွေက နည်းနည်း၊ ကိုနေဦးတို့ရပ်ကွက်ထဲက ဆယ်တန်းကျောင်းသူတွေနဲ့ မင်းရှုပ်တာကများများ ဖြစ်နေအုံးမယ်”

ထင်သည့်အတိုင်းကတော့ နည်းနည်းလေးမှ မလွဲအောင် ဖြစ်လာပြန်ပြီဟု ဇော်နိုင် တွေးမိ၏ ။

“ငါသိတယ် ဘိုးတော်၊ ငါ ဒီလိုပြောတာနဲ့ မင်းဘာပြန်ပြောမယ်ဆိုတာ တွက်ပြီးသား၊ ဒါကြောင့်လဲ မင်းတို့ကို ငါ တမင် လုပ်ပြမလို့”

ဘိုးတော်ဟု အချင်းချင်း နောက်ခေါ်ကြသော ကျော်စိုးက ရယ်မြဲရယ်သည်။

“ဟိုလူ ကိုနေဦးကလဲ မင်းနဲ့ ဒီလောက်ပေါင်းလာပြီး မင်းအကြောင်းကို ဒီလောက်တောင် မသိဘူးလား၊ ယုံယုံကြည်ကြည်နဲ့ သူ့ရပ်ကွက်ထဲက ကောင်မလေးတွေ မင်းလက်ထဲ ပုံအပ်လိုက်တာပဲလား”

ဘိုးတော်ပြောမှ ဇော်နိုင် သတိရသည်။ နေဦးလည်း ဘိုးတော်တွေးသလိုပင် သူ့ကို တဘက်က လိုးလိုးလားလား ခေါ်သုံးချင်သလို တဘက်ကလည်း စိုးရိမ်မကင်း လေးတွေတော့ ရှိပုံရသည်။ သူလုပ်ပေးမည်ဟု အဖြေရပြီးသည့်နောက်ပိုင်း နေဦးပြောခဲ့သော စကားများ ရှိသေးသည်။

“တခုတော့ရှိတယ် ဇော်နိုင်၊ ငါတို့ အခုလုပ်မယ့်ကိစ္စက စည်းရုံးရေးကိစ္စနော်၊ ကျောင်းတုန်းက မင်းအကျင့်တွေ အဲဒီ ထဲတော့ ယူမလာပါနဲ့၊ ငါ မင်းကို ဒီတခုတော့ စိတ်ချပါရစေ”

နေဦးနှင့်တုန်းက အမှတ်တမဲ့နဲ့မို့ ‘စိတ်ချပါဗျာ...ဒါတော့ ကျွန်တော်လဲ သိပါတယ်၊ ကျွန်တော် ဒီလောက် မရမ်းကားပါဘူး’ဟု သာ ဖြေခဲ့သည်။ ခု ဘိုးတော်နှင့် ပြောယင်းမှ သည်ကိစ္စကို မှတ်မှတ်ထင်ထင် ဖြစ်လာ၏ ။

“နေပါဦး ဘိုးတော်ရာ...မင်းတို့စိတ်ထဲမှာ ငါ့ကို ဘယ်လိုကောင်များ အောက်မေ့နေကြလို့လဲ၊ မင်းတို့ပြောမှ ငါ့မှာ တကယ့် ကမ္ဘာ့ငပွေရှုပ်ကြီးကို ဖြစ်နေတာပဲ”

“နို့ မဟုတ်လား”

“ဟာ...ကျောင်းသားဘဝက ရည်းစား ထားတာကရည်းစား ထားတာပေါ့ကွ၊ ဒါပေမယ့် ငါနေရာ ရွေးတတ်ပါတယ်”

“အေးလေ...အဲဒါပဲ ပြောတာပါပဲ၊ ဒီကိစ္စမှာတော့ ကျောင်းတုန်းကလို လုပ်မပစ်လိုက်ပါနဲ့၊ ဟိုလူတွေ ဒုက္ခရောက်ကုန်ကြပါဦးမယ်”

“အေးပါကွာ...ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ့ဘက်က လုံးဝတာဝန်ယူပါတယ်၊

မင်းကိစ္စသာပြော၊ ဘယ်လိုလဲ၊ လုပ်ပေးနိုင်မလား”

“ငါက ရပါတယ်၊ ငါ့မလဲ ဘာအလုပ်မှ ရှိတာမှ မဟုတ်ပဲ”

“ကောင်းပြီ…ဒါဖြင့်လဲ ပြီးတာပဲ”

*

အားလုံးထဲမှာ သည်တခုပဲ စိုးရိမ်စရာ ကျန်တော့သည်ဟု နေဦးကလည်း တွေးမိသည်။

စိတ်အိုက်သလို ဖြစ်လာသဖြင့် မျက်မှန်ကို ချွတ်ပြီး ခုတင်ဘေးရှိ စားပွဲပေါ် လှမ်းတင်သည်။ ကျောင်းတုန်းက ဇော်နိုင်ပုံစံများ မျက်လုံးထဲ ပြန်မြင်လာသည်။

ရုပ်လေးကလည်း ချောချော၊ စာမှာလည်း မဆိုး၊ မိဘများကလည်း ပိုက်ဆံရှိ သုံးနိုင် ဖြုန်းနိုင်မို့၊ ဇော်နိုင် ဘာသာပင် မှတ်မိမည်မထင်။

ရှင်းရှင်း ပြောရလျှင် တတိယနှစ် သူစာမေးပွဲကျခဲ့ပြီး ဇော်နိုင်တို့က မှီလာသည်။ အတန်းထဲမှာ တွေ့စက ဇော်နိုင်ဆိုသည့် ကောင်ကို နည်းနည်းမျှ ကြည့်မရ။

သစ်ပုတ်ပင်အောက်မှာ တွေ့ခဲ့တုန်းက တယောက်နှင့်၊ အင်းလျားရေစပ်မှာအကြော်စားနေတော့ အသားညိုညိုဆံပင်ရှည်ရှည် ကောင်မလေး၊ နောက်တယောက်နှင့် ဖြစ်နေပြီ။ မြို့ထဲက သမ္မတရုံမှာ တွေ့တော့ ဖြူဖြူသွယ်သွယ် ဆံပင်ခါခါလေးနှင့် နောက်ထပ် တယောက်။

ခွေးကောင် ရုပ်ကလေး သနားကမားနှင့် တော်တော်အကျင့်ယုတ်သည့်ကောင်ပဲဟု တစက်မှ မျက်စိထဲ အဆီအငေါ်မတည့်။

ထို့ကြောင့် တမြို့တည်းသား နေ့ကျောင်းသားချင်း အတူတူ အထက်တန်းတုန်းက ကျောင်းတည်း အောင်ခဲ့သည်ဟု သိရသော်လည်း အတန်းတူခဲ့သည့်တိုင် အခေါ်အပြော လုံးဝမလုပ်ခဲ့။

အထက်တန်းကျောင်းတုန်းက ကိုယ့်ထက် အတန်းငယ်သော သူမို့ သိပ်ဂရုမစိုက်ဖြစ်ခဲ့၊ အဲသည့်တုန်းကတော့ သည်ကောင် ဘယ်လို နေခဲ့ထိုင်ခဲ့သည်မသိ။ ပထမနှစ် ဒုတိယနှစ်တုန်းကလည်း မြင်တော့ မြင်နေခဲ့သား။ သို့သော် သည်လောက် ဂရုမပြုဖြစ် ဂရုပြုဖြစ်တော့လည်း တော်တော်ဆိုးရွားသည့်ကောင်ဟု သိနေခဲ့သည်။

သည်အတိုင်းဆိုလျှင်လည်း တယောက်နှင့်တယောက် သိပင် သိဖြစ်မည် မဟုတ်။

သို့သော် တတိယနှစ် ကုန်ခါနီး နေသည့် အချိန်။ သည်အချိန်မှာ လူတိုင်းလိုလို ကိုယ့်နည်းကိုယ့်ဟန်နှင့် စာများကို ပြန်နွှေးနေရပြီ။ နေဦးတွင် နွှေးနိုင်ဖို့ နေနေသာသာ မနှစ်ထဲက လုံးထွေးဖြစ်နေသော ဘာသာတခု ရှိသည်။ ထိုဘာသာမှ တချို့အခန်းများဆို နားကိုမလည်။

ထိုအတောအတွင်း စာသင်ချိန် တချိန်တွင်ဆရာက ဘာကိစ္စရှိသလဲမသိ၊ အတန်းထဲ ရောက်ချိန်တန်သည်အထိ မရောက်၊ တချို့ ကျောင်းသား ကျောင်းသူတွေကတော့ အပြင်ပြန်ထွက်ပြီး ဟိုသွားဒီသွား သွားကုန်ကြပြီ။ သူကတော့ နောက်တချိန်လည်း သည်အခန်းမှာပဲ ပြန်တက်ရမှာမို့ အပြင် ပြန်မထွက်တော့ပဲ ဘေးက သူငယ်ချင်း တယောက်နှင့် စကားပြောနေမိသည်။ သည်မှာ အကြောင်းက ဆိုက်လာ၏။ ထိုသူငယ်ချင်းက…

“ဘယ်လိုလဲ ကိုနေဦး၊ စာတွေ တော်တော် လုပ်ပြီးပလား”

သူက မချိပြုံး ပြန်ပြုံးယင်း…

“လုပ်တော့ လုပ်နေတာပဲဗျာ၊ ဒါပေမယ့် တချို့ဟာတွေက နားကို

မလည်ဘူး ဖြစ်နေတယ်”

“ဘယ်ဟာတွေ နားမလည်လို့လည်း”

“ဒိုင်းနမစ်ကို ကောင်းကောင်း နားမလည်ဘူးဗျာ၊ ရစ်ဂျစ်ဘော်ဒီမိုးရှင်းတွေ ပီရီရောဒစ်မိုးရှင်း ပုစ္ဆာတွေ ဘယ်လိုမှ လုပ်မရဘူး ဖြစ်နေတယ်”

“ဟာ…ဒိုင်းနမစ်ကို ဟိုလူ တော်တယ် ပိုင်တယ်၊ ဟိုတနေ့ကမှ ကျွန်တော်လဲ သူ့ဘေးသွားထိုင်ယင်း သူ့စာအုပ်တွေ ယူကြည့်တော့ တွက်ထားတာလေးတွေ ရှင်းတာနဲ့ သူ့ဆီက အခု ပြန်သင်နေရတယ်”

သူငယ်ချင်းက ‘ဟိုလူ’ ဆိုပြီး ပြလိုက်သော နေရာကိုကြည့် လိုက်သောအခါ ထိုနေရာမှာ ရှိသူက ဇော်နိုင်။

“သူရှင်းပြတာ ဘယ်နဲ့နေလဲ”

“ဟာ…သိပ်ကောင်းတယ်၊ ခု သူက ကျွန်တော်တို့အဆောင်မှာ စာလာကြည့်နေတော့ အတော်ပဲ ဖြစ်နေတယ်၊ ညညကျ သူ့ကို ပြန်ပြန် သင်ခိုင်းတာ၊ စိတ်ရှည်လက်ရှည်ပဲ ရှင်းပြတယ်၊ ဒီလိုလုပ်ပါလား၊ ခင်ဗျား အဆင်ပြေယင် ကျွန်တော့် အခန်းကို ညဘက် လာစာကြည့်ပါလား၊ မရှင်းတာရှိယင် သူ့ကိုမေးပေါ့”

“အေးဗျာ…ဒီလိုလုပ်ယင် ကောင်းမယ်ထင်တယ်”

ထိုနေ့ညက စ၍ နေဦးတို့ အဆောင်သို့ ရောက်သည်။

***

“ဘယ့်နှယ့်လဲ ကိုနေဦး၊ မရှင်းတာရှိယင် ကျွန်တော့်ကို မေးနော်၊ အားမနာနဲ့”

ဇော်နိုင်က ဖူးစကပ်စာရွက်ပေါ်တွင် သေသေသပ်သပ်တွက်ချက်ပြလိုက်ပြီးမေးသည်။ နေဦး ခေါင်းတဆတ်ဆတ်နှင့် ကျေနပ်သွား၏ ။

"မေးစရာမရှိဘူးကွာ၊ မင်းတွက်တာ တော်တော်ကောင်းတာပဲ၊ ငါ့ကောင်က ဘယ်ဆိုးလို့လဲ၊ ငါ့စိတ်ထဲမှာ မင်းကို ထင်တာက ကောင်မလေးတွေနဲ့ ရှုပ်နေတာလောက်ပဲ ဖြစ်မယ် အောက်မေ့တာ"

"ဟာဗျာ...ကိုနေဦးကလဲ၊ ဟိုကိစ္စက တလိုင်းပါ၊ တခြားစီပါ၊ ကျောင်းစာက ကျောင်းစာ သတ်သတ်၊ ကျွန်တော် လိုင်းခွဲထားပြီးသားပါ"

ကိုယ်က တတန်းကြီးခဲ့ဖူးသူ၊ အသက်ကလည်း တနှစ်လောက်ကြီးသူမို့ ကြုံတုန်းဆုံတုန်း သူ့တပည့် ဖြစ်ရသည့်တိုင် မင်းနဲ့ငါနဲ့ပဲ ပြောသည်။ ဇော်နိုင်ကတော့ ခင်ဗျားနှင့် ကျွန်တော် သုံးသည်။

ပြောရလျှင် သူ တတိယနှစ် ချောချောမောမော အောင်ခဲ့သည်မှာ ဇော်နိုင့် ကျေးဇူးမကင်း။ တဘက်ကလည်း ဇော်နိုင်နှင့် ရင်းရင်းနှီးနှီး ပေါင်းကြည့်မှ ဇော်နိုင် အကြောင်းကို သိသည်။

သည်ငတိ စွံတာလည်းမပြောနှင့်၊ ပြောပုံဆိုပုံ နေပုံထိုင်ပုံကလည်း ရည်မွန်သည်။ စိတ်ကောင်း နှလုံးကောင်းလေးလည်း ရှိသည်။ ပေါင်းလို့ သင်းလို့လည်း ကောင်းသည်။

သူ့ဝါသနာနှင့်သူ ရှုပ် တာကတော့ တခြားပေ့ါလေ။

ခုကိစ္စမှာလည်း ဒီသဘောပဲ ဖြစ်နေသည်။ ရပ်ကွက်ထဲက ချာတိတ်တွေကို ဇော်နိုင့်လက်ထဲ အပ်လိုက်လို့ကတော့ တော်ရုံ တန်ရုံ ချာတူးလန်သည့် ကောင်တွေပင်လျှင် စွတ်ရွတ်ပြီး အောင်သွားနိုင်သည်။

သို့ရာတွင် အကျင့်လေး မဖျောက်နိုင်ပဲ ကောင်မလေးတွေနှင့်

ရှုပ်ကုန်လျှင် ပြဿနာက ပိုးဆိုးကုန်မည်။ ဆိုးလာလျှင်လည်း ကိုယ်ခေါ်လာသည့်အတွက် တာဝန်အားလုံးက ကိုယ့်အပေါ်မှာ ပိလာသည်။

မလွယ်တာကတော့ မလွယ်။

တခုပဲရှိသည်။ ဇော်နိုင်ကို သူပိုင်ပိုင်နိုင်နိုင် ကိုင်ရပေမည်ဟု ဆုံးဖြတ်၏ ။

## ၃

"ဘာနဲ့လာလဲ ငနိုင်၊ မင်းကားမပါဘူးလား"

ကျော်စိုး အမေးကို ဇော်နိုင် ခေါင်းခါ၍ တုံ့ပြန်ယင်း…

"ဟော့အေး…ဘတ်စ်ကားနဲ့ပဲ လာခဲ့တယ်၊ တော်ကြာ… ကားကြီးယူလာယင် တမျိုးဖြစ်မှာစိုးလို့"

ကျော်စိုး ခေါင်းညိတ်သည်။ ဇော်နိုင်က ကျော်စိုးဘေးတွင် လွတ်နေသော ဆက်တီကုလားထိုင်တွင် ဝင်ထိုင်သည်။ အခန်းထဲတွင် အဝတ်အစား လဲနေသော နေဦးက ကမန်းကတန်းထွက်လာပြီး…

"ထိုင်အုံးနော် ဇော်နိုင်၊ ငါအဝတ်အစား လဲလိုက်အုံးမယ်"

"ရတယ် ကိုနေဦး…လုပ်"

သူတို့စာပြပေးရမည့် နေရာက ရပ်ကွက်ကောင်စီရုံးဘေးရှိ ဓမ္မာရုံအတွင်း၌ ဖြစ်သည်။ နေဦးက သူနှင့် အတူတူသွားကြမည်ဟု မှာထားသဖြင့် နေဦးအိမ်၌ အရင် ဆုံကြခြင်း ဖြစ်သည်။

ဘိုးတော်က ဇော်နိုင့်ကို ကြည့်ပြီး ပြုံးသည်။

"ခုထိတော့ အခြေအနေ မဆိုးသေးပါဘူး၊ မင်္ဂလာရှိရှိ တိုက်ပုံတွေ ဘာတွေနဲ့၊ သိက္ခာသမာဓိရှိပုံ ရပါသေးတယ်"

“ပေ့ကောင် ဘိုးတော်၊ ဒီပွဲမှာ ငါတယောက်ထဲ မဟုတ်ဘူးနော်၊ မင်းလဲ အရေးကြီးပါတယ်၊ တော်ကြာ ငါ့ချည်းဖိပြောနေပြီ၊ ထဖောက်တော့ မင်းက ထဖောက်နေအုံးမယ်”

“ဟာ…ဒါတော့ စိတ်ချ၊ ဒါမျိုးနဲ့ ပတ်သက်လာယင် ငါ့ဘက်က ဒီဆူဇာထက်တောင် စိတ်ချရသေးတယ် သူငယ်ချင်း သိတယ် မဟုတ်လား၊ တသက်လုံး သန့်သန့်လေး နေလာတာ”

“အေးပေ့ါ…သန့်မှာပေ့ါ၊ မင်းပုံကြီးနဲ့ ဘယ်ကောင်မလေးကမှ ပြန်ကြိုက်မှာမှ မဟုတ်တဲ့ ဥစ္စာပဲ”

“ဘယ်ဟုတ်ပ့ါမလဲကွ၊ ငါးသေးသေးလေးတွေ ဖမ်းတဲ့ကောင်သာ တခါဖမ်း လေးငါးခြောက်ဆယ်ဖမ်း နေ့တိုင်းဖမ်းရတာ ၊ ဝေလငါးဖမ်းတဲ့ကောင်က တခါမှ တကောင်ပဲ၊ တကောင်ရယင်လဲ စားရော့ပဲ”

ဇော်နိုင်ရယ်သည်။

“ဩော်…ဆိုလိုတာက ဒီတသက်မှာ မင်းရည်းစားတယောက်ယောက်တော့ ရဖူးဦးမယ်လို့ ဆိုလိုတာပေ့ါ”

“ဒါပေ့ါကွ မင်းလို… ပေါပေါပဲပဲရည်းစားသောင်းခြောက်ထောင်ထားစရာ မလိုဘူး၊ ကျော်စိုးတို့က တယောက်ပဲ ထားပြမယ်၊ အဲဒီ တယောက်ကလဲ သူများတွေ သောင်းခြောက်ထောင်ပေါင်း ထားသလောက် တန်းဖိုးရှိရမယ်”

“ဟိုပုံပြင်လိုလဲ ဖြစ်နေအုံးမယ်နော်၊ တို့ဘကြီးက စိတ်ဆိုးယင် သူများနဲ့တူတာ မဟုတ်ဘူး၊ ဒါပေမယ့် သေသာသွားရော တခါမှ စိတ်မဆိုးလိုက်ရဘူးဆိုတာမျိုး”

ထိုစဉ်အခန်းထဲမှ နေဦးထွက်လာသဖြင့် သူတို့စကားစ ပြတ်သွားသည်။

နေဦးက အင်္ကျီကော်လံကို သေသပ်အောင် ဆွဲဆန့်လိုက်ပြီး။

“သွားမလား၊ ဟိုမှာ လူစုံရောပေါ့”

နှစ်ယောက်သား ခေါင်းညိတ်သည်။ ထိုင်ရာမှ ထရပ်လိုက်ကြသည်။

ဘဝမှာ တခါမှမကြုံးဖူးသေးသော အတွေ့အကြုံသစ်လေးမို့ နှစ်ယောက်သား ရင်တော့နည်းနည်းခုန်သွားကြ၏ ။

***

မျှော်လင့်ထားသည်များနှင့် တခြားစီတော့ ဖြစ်ကုန်ပြီဟု ဇော်နိုင်တွေးလိုက်၏ ။

သူ့စိတ်ထဲတွင် ထင်ထားမိသည်က ရပ်ကွက်မှ ဦးစီးလုပ်သော လုပ်ငန်း၊ ပြီးတော့ အခမဲ့သင်ပေးရသော စေတနာသင်တန်းမို့ ကျောင်းသားကျောင်းသူတွေ ထိန်းမရသိမ်းမရအောတိုက်နေမည်ဟု အောက်မေ့သည်။

နေရထိုင်ခင်း အဆင်ပြေကလည်း အရမ်းသားသားနားနားကြီးနှင့် ဟီးနေမည်ထင်ခဲ့သည်။

သို့သော် တကယ်တွေ့ရသောအခါ ထင်ထားသည်များနှင့် ဘာမှမဆိုင်။

ဓမ္မာရုံဆိုသည်လေးကလည်း မြေစိုက်ထရံကာ သုံးထပ်သားမိုး အလွန်ဆုံးရှိမှ ပေနှစ်ဆယ်ပေသုံးဆယ် ခနော်နီခနော်နဲ့နှင့် ကျိုးတို့ကျဲတဲလေး။ အထဲမှာလည်း ထိုင်ခုံတို့ဘာတို့က သပ်သပ်ရပ်ရပ် မဟုတ်။ ဖုံများ ဟိုတကွက်ဒီတကွက် ပေကျံနေသော တောသစ်ထိုင်ခုံ လေးငါးခုမျှသာ။

ခုံများတွင်ထိုင်နေသော ကျောင်းသားကျောင်းသူက ဆယ်ယောက်မပြည့်။

“တို့လုပ်နေရတဲ့ ပုံစံကတော့ အမြင်ပဲ ဇော်နိုင်၊ ဘာမှလဲ ပြည့်ပြည့်စုံစုံ မရှိသေးဘူး လာတက်မဲ့ ကျောင်းသားကလည်း မင်းတွေ့တဲ့အတိုင်းပဲ၊ ဒါတောင် မနည်းစည်းရုံးထားရတာ ”

“နောက်ထပ်သုံးလေးယောက်တော့ လာကြဦးမှာပေ့ါ”

နေဦးဘေးတွင် ရပ်နေသော လူတယောက်က ဝင်ပြောသည်။ ထိုသူလည်း နေဦးလိုပင် ထိုလုပ်ငန်း ဆောင်ရွက်ရေး အဖွဲ့ဝင်တယောက် ဖြစ်ဟန်တူသည်။

“ရပါတယ်ဗျာ၊ လုပ်ငန်းတခုကတော့ ဒီလိုပဲ စရတာ ပေ့ါ”

“ဟုတ်တယ် ဇော်နိုင်၊ အဲဒါ…ငါလဲပြောမလို့၊ တဖြည်းဖြည်း တို့ရည်ရွယ်ချက်ကို နားလည်လာယင် များလာမှာပါ၊ ကဲ…ထိုင်ကြဦး၊ ငါတို့အဖွဲ့ လူစုံမှ မိတ်ဆက်ပေးမယ်”

ဇော်နိုင်က ခေါင်းညိတ်ပြီး အခန်း၏ တဘက်ထောင့်တွင် ဝင်ထိုင်သည်။ အဆောက်အအုံငယ်လေး၏ တဘက်နံရံရှိ ကျောက်သင်းပုန်းတွင် ရေးထားသောစာတန်းလေးကို လှမ်းဖတ်မိ၏ ။

ပြည်သာရပ်ကွက်…

ဆယ်တန်း စာမေးပွဲဝင် အထောက်အကူပြု သင်တန်း…

***

ခြောက်နာရီ ထိုးခါနီး မှာ လူစုံသလောက် ဖြစ်သွားသည်။ နေဦးက သူတို့အဖွဲ့နှင့် မိတ်ဆက်ပေး၏ ။

“ဟောဒါက ဒီသင်တန်းမှာ အင်္ဂလိပ်စာ သင်ပေးမယ့်၊ ဆရာဦးကျော်စိုး၊

သူကသင်္ချာဆရာ ဦးဇော်နိုင်၊ ကျော်စိုးနဲ့ ဇော်နိုင်၊ ဒီလူတွေအားလုံးကတော့ ဒီသင်တန်းဖြစ်မြောက်ရေးအဖွဲ့ဝင်တွေပဲ”

အစချီ၍ သူက ဘယ်သူ၊ သူကဘယ်သူ နာမည်များ ပြောပြသည်။ ထို့နောက် တဘက်မှာ သတ်သတ်ထိုင်နေသော လူငယ်ငါးယောက်ဆီ လက်ညွှန်၍ ...

“သူတို့က ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်နေတဲ့ လူငယ်တွေပဲ၊ မင်းတို့နဲ့ဝိုင်းကူဖို့ လိုတာရှိယင် သူတို့နဲ့ပေါင်းလုပ်လို့ရတယ်၊ ဒါက...ကိုအေးဝင်း၊ သူက ကိုစောပိုင်၊ သူက ခင်လှမြင့်၊ သူက သန်းသန်းစော၊ သူက ခိုင်ညွှာဦး”

အင်း...ဒုက္ခတော့ ဖြစ်ဦးမယ်ထင်တယ်ဟု ဇော်နိုင် ရင်ထဲတွင် နည်းနည်း လေးသွားသည်။

ကိုအေးဝင်း၊ ကိုစောပိုင်တို့မှာလည်း ပြဿနာမရှိ၊ ခင်လှမြင့်၊ သန်းသန်းစောတို့မှာလည်း ပြဿနာမရှိ။ ခိုင်ညွှာဦးဆိုသော ကောင်မလေးကျတော့ ပြဿနာက ရှိလာပေပြီ။

စောစောတည်းကလည်း ဇော်နိုင်သတိထားမိနေ၏ ။

အင်္ကျီလုံချည် ဆင်တူ အဝါရောင်လေးနှင့် ဒိုင်ယာနာလေဒီ ဆံပင်ပုံလေးကို ခါတာခါတာ လုပ်ကာ စကားပြောတတ်သော...ဖြူဖြူသွယ်သွယ်၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်လေးဖြစ်သော...ထိုကောင်မလေးသည် ဇော်နိုင့်ကို ဒုက္ခပေးတော့မှာ သေချာနေသည်။

ကျော်စိုးနှင့် ဇော်နိုင် ခေါင်းညိတ်ပြီး ပြုံးပြသည်။ ကျန်လေးယောက်က သူတို့နှစ်ယောက်ကို တုံ့ပြန်ပြုံးပြုံးကြည့်သော်လည်း ထိုအဝါရောင်မလေးက ခပ်တည်တည်ပင်။

“ကဲ...စမယ် ဇော်နိုင်၊ မင်းတို့နှစ်ယောက် လာခဲ့၊ အတန်းသားတွေနဲ့ပါ

မိတ်ဆက်ပေးမယ်”

သည်တော့မှာ သူလာတာ စာသင်ဖို့ပါလားဟု ဇော်နိုင်ပြန်သတိရသည်။

အခန်းထဲ၌ စာသင်သား ဆယ်ယောက်တွင် တယောက်စွန်း၍ ဆယ့်တယောက်တော့ ရှိနေပါပြီ။

ချက်ချင်းလက်ငင်း ရာထူးတိုးသွားသော သချ်ာ ဆရာ ဦးဇော်နိုင် ခပ်သွက်သွက်လေး ထတော်မူလိုက်၏ ။

*

# ၄

ဆေးပြီးသောလက်ကို လက်သုတ်ပဝါနှင့် သုတ်ယင်း ဇော်နိုင် ဝင်ထိုင်သည်။

နေဦးက ပြုံးလိုက်ပြီး…

“မဆိုးပါလားကွ၊ ငါက ပထမတုန်းက မင်းတို့နှစ်ယောက်စလုံး၊ ဒီလောက်ဖြစ်မယ်တောင် မထင်ကြဘူး၊ ဒီတိုင်းဆို ဖြစ်တယ်၊ အင်္ဂလိပ်စာကော သင်္ချာကော ကလေးတွေအတွက် ဟန်ကျသွားကြပြီ”

“ကျွန်တော်လဲ မဖြစ်ဖြစ်အောင် ဖျစ်ညှစ်ပြီး လုပ်လိုက်တာပဲ ကိုနေဦး၊ ကလေးတွေ သဘောကျတယ် ဆိုယင် လုပ်ရကျိုးနပ်တာပေါ့ဗျာ”

ဇော်နိုင်က နေဦးတို့ အုပ်စုထဲ မျက်လုံးဝဲကြည့်ယင်း ပြောလိုက်သည်။ ခိုင်ညှာဦးဆိုသော ကောင်မလေးအရောက်တွင် မျက်လုံးတချက် တန့်သွား၏ ။

ကောင်မလေးတွေက သူ့ကို စိုက်တော့ ကြည့်နေသည်။ သို့သော် မပြုံးမရယ်။

“ဆရာတို့သင်တာ အရမ်းကောင်းတာပဲ၊ စောတို့တောင် လိုက်အတုခိုးနေတာ”

သူတို့ထဲမှ သွက်ပုံရသော သန်းသန်းစောဆိုသည့်ကောင်မလေးကတော့ ပြုံးလိုက်တာမှ မပြောနှင့်။

“လူူကြီးတွေကော…”

ဇော်နိုင်က စောစောက သူစာသင်နေစဉ် အရှုံအရှုံ ထပြန်သွားသော လူကြီးတွကိုတော့ သတိထားမိသည်။ ပြန်လာမည်ထင်၍ မေးကြည့်ခြင်းဖြစ်သည်။ နေဦးက ရယ်၍ …

“သူတို့ကတော့ သဘောလောက်ပဲပေါ့ကွာ၊ သူတို့မှာလဲ တခြားအလုပ်တွက ရှိသေးတယ် မဟုတ်လား၊ ဒီကိစ္စမှာ အစဆုံးကြဲရမှာကတော့ တို့ …ဒီအုပ်စုပဲ”

“ဒီလိုလုပ်ပါလား ကိုနေဦး”

ဘိုးတော်စကားကြောင့် နေဦးလှည့်ကြည့်သည်။

“ဆို ကျော်စိုး…ဘယ်လိုလုပ်ရမယ်”

“သူတို့ အုပ်စုကကော ကျွန်တော်တို့နဲ့ ဝိုင်းကူဖို့ အချိန်ရမလား”

ဘိုးတော်က လူငယ်ငါးယောက်ဆီ လက်ညွှန်ယင်း မေးသည်။

“ရပါတယ်”

“ရယင် ကျွန်တော်တို့လဲ သင်ရတာ ပိုမြန်သွားအောင် လေ့ကျင့်ခန်းတွေကို အမှတ်ခြစ်ပေးပါလား၊ ကိုနေဦးကတော့ ကျွန်တော်တို့ လေ့ကျင့်ခန်းများများ ပေးနိုင်အောင် ဖယောင်းစက္ကူတို့၊ စာကူးစက်တို့ စီစဉ်ပေးဗျာ၊ အဆိုင်းမင့်နဲ့သင်ယင် ပိုကောင်းမယ်”

နေဦး ခေါင်းညိတ်သည်။

“အား…သိပ်ဖြစ်တာပေါ့၊ သူတို့လဲ အဲဒီ လိုလုပ်ဖို့ အစောကြီးထဲက ပြောထားတာ”

နေဦးနှင့် ဘိုးတော်တို့ကလည်း အဆင်ပြေနေသည်။ ဇော်နိုင်ကလည်း သူတို့စကားများ နားထောင်ယင်း ထိုကောင်မလေးဆီ သုံးခါလောက် လှမ်းကြည့်သည်။

သုံးခါလုံးတွင် ကောင်မလေးက သူ့ကို စူးစူးစိုက်စိုက် ကြည့်နေကြောင်း တွေ့ရသည်။ အကြည့်ချင်းဆုံတော့လည်း ခပ်တည်တည်။ ရယ်တာ ပြုံးတာလည်း ခုထိ သူနှင့် တခါမျှ မလုပ်။

တမျိုးတော့ တမျိုးပါလားဟု အောက်မေ့၏ ။

ကာလများစွာ ပျောက်ဆုံးနေခဲ့သော ခံစားမှုတခုရင်ထဲသို့ အမှတ်မထင် ဝင်လာသည်။

***

ပြန်လာတော့ ကိုးနာရီ ထိုးလုပြီး။

"နောက်ကို ခြောက်နာရီ စဖြစ်အောင် စမယ်ကွာ၊ ဒါမှ တယောက် တနာရီဆိုယင် ရှစ်နာရီမှာ ပြီးမယ်၊ နို့မို့...ကလေးတွေ အပြန်နောက်ကျမယ်၊ မိန်းကလေးတွေလဲပါနေတာမို့လား၊ စနေ တနင်္ဂနွေမှာ အချိန်ပိုယူတာပေ့ါ"

ဘိုးတော်ကတော့ ခေါင်းထဲမှာ စီမံကိန်း အပြတ်အသတ် ချနေပုံရသည်။ တလျှောက်လုံး ဤကိစ္စသာ ပြောလာ၏ ။

ဇော်နိုင် ခေါင်းထဲမှာ ဝင်နေသည်ကတခု။ သူလည်း အကြီးအကျယ်တော့ အကြီးအကျယ် တွေးနေခြင်း ဖြစ်သည်။ သူ့ပြဿနာက သူနှင့် ပတ်သက်၍ နေဦး ချမှတ်ထားသည့် စည်းကမ်း ကိစ္စ။

နေဦးက သူ့ရပ်ကွက်မှ ကျောင်းသူ ကောင်မလေးများနှင့် မပတ်သက်ရန် တတွတ်တွတ် မှာသည်။ ဤစည်းကမ်းကတော့ သူ့အနေနှင့်လည်း သံမဏိ စည်းကမ်းအဖြစ် လိုက်နာရန် ဇော်နိုင် ကောင်းစွာ သဘောတူပါသည်။

သို့သော်...ကျောင်းသူ ကျောင်းသား မဟုတ်ပဲ ဆရာ အချင်းချင်း သို့မဟုတ် သင်တန်းဖြစ်မြောက်ရေး အဖွဲ့ဝင်များနှင့် ပတ်သက်သည့် စည်းကမ်းမှာ ထိုကိစ္စ ပါမပါ သူမသိ။

ခုပြဿနာက ကျောင်းသူ ကျောင်းသားများနှင့်မဆိုင်...။ သူ

သဘောကျလာသည်က ခိုင်ညွှာဦးဆိုသော ကောင်မလေး။

“ဟော့ကောင် ဘိုးတော် ...မင်းလဲ အဲဒီ ကိစ္စ ခဏ ထားလိုက်ပါအုံး၊ အဲဒါက အကြောင်း မဟုတ်ပါဘူး”

“ဘယ့်နဲ့ အကြောင်းမဟုတ်ရမှာလဲကွ၊ ဒီကိစ္စဘယ်လောက် အရေးကြီးတယ်မှတ်လဲ...စသင်ချိန်ကို မလေးစားယင်...”

“ကျွတ်...အေးပါ၊ အဲ့ဒါ အရေးမကြီးပါဘူးလို့ ပြောတာ မဟုတ်ပါဘူး၊ အရေးကြီးမှန်း သိပါတယ်။ ဒါပေမယ့်...အဲဒါက အကြောင်းမဟုတ်ဘူး၊ သင်တာက မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲ၊ မင်းနဲ့ငါညှိပြီး ကြိုက်သလိုသင်လို့ရတယ်”

“နို့...ဘာက အကြောင်းဖြစ်နေလို့လဲ”

“စည်းကမ်းကိစ္စ”

စည်းကမ်းကိစ္စဆိုသဖြင့် ဘိုးတော် မျက်လုံးပြူးသွားသည်။ ဇော်နိုင့်ကို ပြူးပြူးပျာပျာ လှည့်ကြည့်ယင်း...

“စည်းကမ်း ကိစ္စက ဘာဖြစ်နေလို့လဲ၊ ကလေးတွေ စည်းကမ်း ရှိသားပဲကွ”

ဇော်နိုင် ရယ်သည်။

“ကလေးတွေစည်းကမ်း ပြောတာ မဟုတ်ဘူး၊ လူကြီးတွေအတွက် စည်းကမ်းက ဘယ်လိုရှိလဲဆိုတာ သိချင်လို့”

“ဘာလဲ...လူကြီးတွေအတွက် စည်းကမ်း”

ဘိုးတော်ကတော့ ဇော်နိုင်ဘာကို ရည်ရွယ်ပြီး သွားနေသည် ဆိုသည်ကို သဘောပေါက်ပုံ မရသေး။ ဇော်နိုင် စပ်ဖြဲဖြဲ လုပ်၍ ပြောသည်။

“ကိုနေဦးနဲ့ မင်းပြောတဲ့ စည်းကမ်းထဲမှာ ကျောင်းသူတွေနဲ့ မရှုပ်နဲ့လို့

ပါတယ် မဟုတ်လား၊ အဲဒါ ကျောင်းသူပဲနော်၊ ဆရာ အချင်းချင်း မပါဘူး မဟုတ်လား”

ဘိုးတော် ဖြတ်ကနဲ လှည့်ကြည့်သည်။

“မင်း စကားက ဘာလဲ ငနိုင်၊ မင်း…”

“ဟုတ်တယ် ဘိုးတော်၊ ငါ ခိုင်ညှာဦးဆိုတဲ့ ကောင်မလေးကို သဘောကျနေလို့”

“ဟာ…ဟေ့ကောင်…မင်း ရတ်ရတ် ရတ်ရတ်မလုပ်နဲ့ကွာ၊ ဒီကိစ္စကို လုံးဝ သဘောမတူဘူး၊ ဒီသင်တန်းမှ မင်း ဘယ်သူနဲ့မှ မပတ်သက်ရဘူး”

“ငါကလဲ ပတ်သက်မယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ဘိုးတော်ရာ၊ သဘောကျလို့ သဘောကျတယ် ပြောတာပါ”

“မလိုဘူး ဟေ့ကောင်၊ သဘောလဲ မကျရဘူး။ ဒီကိစ္စ ငါ အပြင်းအထန် ကန့်ကွက်တယ်၊ ပြောမရယင်တော့ ကိုနေဦးကို ငါတိုင်ပြီး ဒီသင်တန်းကို ဆရာပြောင်း သင်ခိုင်းလိုက်မယ်”

ဇော်နိုင် အသံထွက်၍ ရယ်လိုက်သည်။

“ဒုက္ခပါပဲကွာ…ငါ့ခမျာ သဘောလေးတောင်မှ ကျခွင့်မရှိတော့ဘူးပေါ့”

“မရှိဘူး”

“အေးလေ…ဒါဖြင့်လဲ ရှိပါစေတော့၊ ကျသွားတဲ့ ငါ့သဘောပဲ ငါပြန်ကောက် သိမ်းထားလိုက်ပါတော့မယ်၊ ငါ့ခမျာ သနားစရာကောင်းလိုက်တာ”

“မင်းကြီးဒေါ်ကြီး သနားစရာ ကောင်းပါလား၊ မင်းဥစ္စာက နည်းနည်းပါးပါး စည်းကမ်းတော့ရှိအုံးမှပေါ့”

“အေးပါကွာ…ငါ့စိတ်ထဲမှာ အဲဒီ စည်းကမ်းထဲမှာ သူတို့ ငါးယောက်

မပါဘူးအောက်မေ့လို့ပါ”

“ပါတယ်…ဟော့ကောင်…လုပ်မနေနဲ့”

ဘိုးတော်၏ ဆောင့်ကြီးအောင့်ကြီးလေသံကြောင့် ဇော်နိုင်ရယ်လိုက်ပြန်သည်။

မျက်လုံးထဲတွင် မျက်နှာတည်တည်နှင့် သူ့ကို စူးစူးလေး ကြည့်နေသော အဝါရောင်ကောင်မလေး ခိုင်ညွှာဦးကို မြင်မိ၏ ။

# ၅

ဒုတိယနေ့တွင် သူတို့နှစ်ယောက် ဓမ္မာရုံသို့ တန်းသွားသည်။ နေဦးနှင့် ငါးယောက်အဖွဲ့ ရောက်နေသည်ကို တွေ့ရ၏ ။

ထောင့်ဘက်အစွန်ဆုံး ကုလားထိုင်တွင် လုံချည်နက်ပြာပြောင်လေး၊ ဘလောက်စ်အင်္ကျီ အပြာကွက်ကလေးနှင့် သူတို့ ဝင်လာသည်ကို မသိသလိုအမူအရာဖြင့် တဘက် လှည့်ထိုင်နေသော ခိုင်ညွှာဦးကို သတိထားမိသည်။

ဇော်နိုင့်ရင်ထဲ လှုပ်ကနဲ ဖြစ်သွားသော်လည်း မနေ့က ဘိုးတော်စကားကို သတိရသဖြင့် ဣန္ဒြေမပျက် အတန်းထဲသို့ လှမ်းကြည့်လိုက်ပြီး…

ဒီနေ့တော့ စောစောစီးစီး လူစုံသားပဲ၊ စလိုက်ကြမလား ကိုနေဦး”

နေဦးက ခေါင်းညိတ်သည်။

“စလေ…ကျော်စိုး အယင်ဝင်မယ် မဟုတ်လား”

ဘိုးတော် ခေါင်းညိတ်ယင်း စာသင်ခန်းရှေ့သို့ တန်းသွားသည်။ စားပွဲပေါ်မှ မြေဖြူတချောင်း ကောက်ကိုင်၍ …

“ဒီနေ့…ဆရာတို့ ဝဒ်ဖောင်နဲ့ပတ်သက်လို့ ခပ်မြန်မြန်လေး နားလည်သွားအောင် လုပ်လိုက်ကြမယ်၊ အိတ်ဆိုက်လေးလဲ နည်းနည်း

လုပ်ကြတာပေါ့” ဘိုးတော် လုပ်ငန်းစသည်နှင့် ဇော်နိုင်က သူတို့အုပ်စုထိုင်ရန် နားရန် သီးသန့်ကုလားထိုင် ခင်းထားသော နေရာလေးတွင် ဝင်ထိုင်သည်။ နေဦးက မျက်နှာချင်းဆိုင် လှည့်ထိုင်လိုက်ပြီး…

“လက်ဖက်ရည်သောက်မလား ဇော်နိုင်၊ ဒီနားမှာ ဆိုင်ရှိတယ်၊ ငါမှာပေးမယ်”

ဇော်နိုင် ခေါင်းခါ၍ …

“နေပစေ…ကိုနေဦး၊ ကျွန်တော်တို့ သောက်လာပြီးသား၊ ဘာမှမလုပ်နဲ့၊ ဘယ့်နဲ့လဲ အခြေအနေ၊ လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား”

နေဦး ခပ်လေးလေးခေါင်းညိတ်သည်။

“အင်း…ချာတိတ်တွေ တုံ့ပြန်မှုကတော့ မဆိုးဘူးလို့ ပြောရမယ်ကွ၊ ဒီနေ့ တယောက်ထပ်တိုးတယ်”

ဇော်နိုင် ကျောင်းခန်းထဲမှ အရေအတွက်ကို လှမ်းကြည့်သည်။ ဆယ့်နှစ်ယောက်။

“ချာတိတ်တွေ တုံ့ပြန်မှုက မဆိုးဘူးဆိုတော့ ဘယ်သူတွေတုံ့ပြန်မှုက ဆိုးနေလို့လဲ ကိုနေဦး”

“သိပ် ထွေထွေထူးထူးတော့ မရှိတော့ပါဘူး၊ ဒါပေမယ့် ဒီနေ့မနက် မောင်အေးဝင်းတို့က သတင်းတခု ကြားလာတယ်လို့ ပြောတယ်”

“ဟုတ်တယ်ဆရာ၊ ဆယ်တန်းက ကျွန်တော့် သူငယ်ချင်းတချို့က ပြောတာ၊ သူတို့တက်နေတဲ့ ကျူရှင်က ကျူရှင်ဆရာက ကျွန်တော်တို့ သင်တန်းကို နည်းနည်းပုတ်ခတ်ပြီး ပြောတယ်လို့ ပြောတယ်”

“ဘယ်လို ပုတ်ခတ်သတဲ့လဲ”

“မင်းတို့ ရပ်ကွက်ထဲက အလကားရတဲ့နေရာမှာ

အလကားသင်ပေးနေတဲ့ အလကားဆရာတွေ သင်တဲ့ အလကား သင်တန်းကြီး သွားမတက်ကြဘူးလား ဘာလားနဲ့ ရယ်စရာ လိုလိုလုပ်ပြီး ကျွန်တော်တို့ကို တွယ်နေတယ်တဲ့”

“ဘာလဲကွ…အလကားနေရာ၊ အလကားဆရာဆိုတာ”

ကိုအေးဝင်းစကားကို နေဦးက နားမလည်သဖြင့် လှမ်းမေးသည်ကို အေးဝင်းကရယ်ပြီး…

“ကျွန်တော်တို့သင်တန်းက အခမဲ့သင်တန်း မဟုတ်လား ဆရာရယ်၊ ပိုက်ဆံမပေးရတဲ့ ဓမ္မာရုံမှာ ပိုက်ဆံမရပဲ လာသင်တဲ့ဆရာတွေသင်တဲ့ သင်တန်းမို့၊ အားလုံး အလကားချည့်လို့ ပြောတာ”

“ကိစ္စမရှိပါဘူး ကိုအေးဝင်းရာ၊ ပြောချင်တာ ပြောပါစေ၊ သူက ပိုက်ဆံယူသင်နေတဲ့ ဆရာမဟုတ်လား၊ ကျွန်တော်တို့ဘက်က အောင်မြင်လာယင် သူ့စီးပွားရေး ထိခိုက်မှာ သူလဲ စိုးရိမ်မှာပေါ့”

“ဟုတ်တယ်ဆရာ၊ အဲ့ဒီဆရာက ရေရေလည်လည် စီးပွားရေးသောင်းကျန်းတာ၊ ရပ်ကွက်ထဲမှာလဲ သူအအောင်မြင်ဆုံးဖြစ်နေတော့ ကျောင်းသားတွေကလဲ ကြိတ်မှိတ်တက်နေရတာ ပဲ၊ ပိုက်ဆံယူ အရမ်းကြမ်းတယ်”

“ဟုတ်တယ်၊ ကျွန်မတို့လဲ ဆယ်တန်းနှစ်က အဲ့ဒီဆရာ သိပ်ပိုက်ဆံစကား ပြောတာနဲ့ အမြင်ကတ်ပြီး တခြားကျောင်းသွားတက်ကြတယ်”

ဇော်နိုင်နှင့် ကိုအေးဝင်းတို့ ပြောနေသည်ကို ခင်လှမြင့်ကလည်း ဝင်ထောက်ခံသည်၊ ဇော်နိုင်အကြည့် ခင်လှမြင့်ထံမှ ခိုင်ညွှာဦးဆီ ရိပ်ကနဲ ရောက်သည်။ ကမန်းကတန်း မျက်လွှာချအကြည့်လွှဲလိုက်သည်ကို သတိထားမိ၏ ။

***

"အင်္ဂလိပ်စာဆိုတာ ဘာသာစကားတခုနော်၊ အဲဒါကို သတိထားရမယ်၊ ဘာသာစကား တခုကို သင်တဲ့အခါမှာ အမြဲတမ်း ပုံသေနည်းနဲ့ သင်လို့မရဘူး၊ ခြွင်းချက်ကို ခြွင်းချက်ပြဿနာတွေ အများကြီးရှိတယ်၊ ခြွင်းချက်ကို ခြွင်းချက်အနေနဲ့သိကို သိထားရမယ်၊ အဲဒါ သတိထားမိလို့ အမြဲတမ်း ပုံသေနည်းနဲ့မှတ်ယင် ပီယူတီမှာပွတ်သလို ဘီယူတီကျယင်လဲ အကုန်လုံး ဘွတ်ကုန်လိမ့်မယ်"

ကျောင်းသား ကျောင်းသူများသာမက ဇော်နိုင်တို့ အုပ်စုပါ ရယ်လိုက်ကြသည်။ ဘိုးတော်ကတော့ အတော်ဟုတ်နေပြီဟု ဇော်နိုင်တွေးမိသည်။ ရယ်နေသော ခိုင်ညွှာဦးဆီ ဖြတ်ကနဲ ကြည့်လိုက်သည်။ သည်တခါတော့ အရယ်အပြုံးနှင့် တည့်တည့်တန်းတိုး၏ ။

ရယ်သောအခါ ပိုလှသည်ဟု စိတ်ထဲ၌ အောက်မေ့လိုက်သည်။ စိတ်ထဲတွင်လည်း သည်လိုလှပုံမျိုး တနေရာရာတွင် တွေ့ဖူးသည်ဟု ထင်မိသည်။

ခိုင်ညွှာဦးက သူ့ထုံးစံအတိုင်း မသိမသာ လှမ်းကြည့်သည်။ အကြည့်နှစ်ခု ဆုံပြန်၏ ။ သည်တခါတော့ တည်မသွား ရယ်လျက်နှင့်ပင် ခေါင်းငုံ့လိုက်သည်။ ရှက်ဟန်လေး ရိပ်ကနဲ ပါသွားသည်ကို မြင်လိုက်၏

သည်လိုဟန်လေးကိုလည်း ဇော်နိုင်မှတ်မိသည်။

ဘယ်မှာတွေ့ဖူးပါလိမ့်...စိတ်ထဲဝေခွဲမရ။

သူ့အကြည့် အတော်လေးကြာသွားသည်။ ခေါင်းပြန်မော့လိုက်သော ခိုင်ညွှာဦးနှင့် အကြည့်ပြန်ဆုံပြန်၏ ။ သည်တခါ ခိုးထုပ်ခိုးထည်နှင့် မိသွားပြီး မျက်လွှာချရသူက ဇော်နိုင်။

ရင်သည်ပို၍ လှုပ်ရှားလာ၏ ။

***

“ဆရာတို့လဲ ပင်ပန်းမှာပဲနော်၊ နေ့ခင်းလဲ ကျောင်းတက်ရ၊ ညလဲစာလာပြရနဲ့”

သန်းသန်းစော စကားကြောင့် ဇော်နိုင် ကိုးရိုးကားရား ဖြစ်သွားရားက ကပျာကသီ ပြန်ဖြေရသည်။

“ဟာ…မပင်ပန်းပါဘူး၊ ကျွန်တော်တို့မှာ တခြားဘာအလုပ်ရှိတာမှ မဟုတ်ပဲ”

“ဒါပေမယ့် ဒီအချိန်လေးတွေ ဇိမ်နဲ့ မနေရတော့ဘူးပေါ့ဗျာ”

ကိုစောပိုင်က ဝင်ပြောသည်။ ဇော်နိုင် ရယ်လိုက်ပြီး…

“ဘာလုပ်မလဲဗျာ၊ ဒီအတိုင်းနေတော့လဲ လက်ဖက်ရည်ဆိုင်ထိုင်လိုက် ဟိုသွားဒီသွားလိုက်နဲ့ ကုန်သွားတာပဲဥစ္စာ”

“ဆရာတို့ ဂုဏ်ထူးတန်းက စာတွေက တော်တော်ခက်လား”

ဇော်နိုင်နေရထိုင်ရတာ တမျိုး ဖြစ်လာသည်။ ကျောင်းသားတွေနဲ့ဘာနဲ့က ဆရာခေါ်ခေါ် ဘာခေါ်ခေါ် ပြဿနာမရှိသော်လည်း၊ အသက်ချင်း သိပ်မကွာလှသည့် ကိုအေးဝင်းတို့ ကိုစောပိုင်တို့၊ ခင်လှမြင့်၊ သန်းသန်းစောတို့က ဆရာခေါ်သောအခါ စိတ်ထဲကမလုံ…

“ဟာဗျာ…ခင်ဗျားတို့ ကျွန်တော်တို့ အချင်းချင်းက ဆရာတွေဘာတွေ ခေါ်မနေပါနဲ့၊ နာမည်ပဲ ခေါ်ပြောပါ”

“မဟုတ်ပါဘူးဗျာ၊ လောလေဆည် ဆရာတို့က ဒီမှာ ဆရာပဲဟာ”

“ဒါဆို …ခင်ဗျားကိုလဲ ကျွန်တော်တို့က ဆရာပဲခေါ်ရမှာပေါ့ ဟုတ်လား ကိုစောပိုင်”

"ဟာ...ဒီလိုတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ကျွန်တော်တို့ကိုလည်း မခေါ်နဲ့"

"ဆရာ မခေါ်လို့ ကောင်းပ့ါမလား ဆရာရဲ့"

သန်းသန်းစောက ဝင်ပြောခြင်းဖြစ်သည်။ ဇော်နိုင်ရယ်လိုက်ပြီး သန်းသန်းစောဘက် လှည့်၍ ...

"ဆရာမက ဘယ်လိုသဘောရလို့လဲ"

"ဟာ...စောက ဆရာမဟုတ်ပါဘူး"

"အဲဒါကြောင့် ပြောတာပေါ့၊ ကျွန်တော်တို့ အချင်းချင်း သူငယ်ချင်းတွေလိုပဲ သဘောထားပါ၊ နောက်ကို ကျွန်တော်တို့ကို ဆရာခေါ်တာနဲ့ ကျွန်တော်တို့ကလဲ ဆရာ၊ ဆရာမပဲ ပြန်ခေါ်မှာပဲ"

အားလုံး ခပ်တိုးတိုး ရယ်သည်။

ခိုင်ညွှာဦးပါ ရောရယ်၏ ။

ခုထိ ခိုင်ညွှာဦးနှင့် သူစကားတခွန်းမှ မပြောရသေး။ သို့သော် မျက်လုံးချင်း အကြည့်ချင်းကတော့ ကျန်သည့် လူများထက် ပိုဆုံသည်။

သည်လို အမ်းတမ်းတမ်းလေး ဖြစ်နေတာကိုပဲ၊ ပိုကောင်းနေသည်ဟု အောက်မေ့သည်။

သူ့ကျမှ ဘာဖြစ်လို့ ဒီလိုဖြစ်နေရပါလိမ့်။ စကား မပြောတတ်တာလည်း မဖြစ်နိုင်။ ဘိုးတော် အပါအဝင် ကျန်သည့် လူများနှင့် ခိုင်ညွှာဦး ပြောဆိုနေတာကိုတော့ တွေ့ရသည်။

အင်း ...တခုခုတော့ တခုခုဖြစ်ဖို့ သေချာနေ၏ ။

သည်နေ့ အဖို့ကတော့ အိပ်ရာထကတည်းက ကိုးရို့ကားရား တွေချည့် ကြုံနေရသည်ဟု ဇော်နိုင် အောက်မေ့သည်။

မနက်ကလည်းကြည့် နာရီ နှိုးစက်သံကြောင့် အိပ်ရာကနိုးပြီး မျက်နှာသစ်ဖို့ ရေချိုးခန်းဆီ လျှောက်လာခဲ့သည်။ အိမ်သာဝမှာ အဖေနှင့်အမေ စကားများနေသည်ကို တွေ့ရ၏ ။

"ကိုကိုအရူလား၊ ဒါကြီးလူတွေမြင်တော့ ကိုကို့ကို ဘယ်လို ထင်မလဲ၊ အတော် ညစ်ပတ်တဲ့လူကြီးလို့ အောက်မေ့ကုန်မှာပေါ့"

"ဩော်…ကိုယ့်ဟာကိုယ် ကြိုက်လို့လုပ်တာ၊ ဘယ်သူက ဘာထင်ထင်ပေါ့ကွ။ နောက်ပြီး လူမြင်ကွင်းမှာ သွားလုပ်ထားတာမ မဟုတ်ပဲ၊ ဒီအိမ်သာကို မင်းနဲ့ငါနဲ့ပဲ သုံးနေတာပဲ ဥစ္စာ"

"ဩော်…ကိုကို့သားလဲ သုံးတာပဲ၊ နောက်ပြီး ကိုကို့ ဧည့်သည်တွေ ဘာတွေ လဲ ဝင်တတ်တဲ့ဥစ္စာ"

"ဘယ်သူ ဝင်ဝင်ကွာ၊ ငါမဟုတ်ဘူးပေါ့၊ ကိုကို့ဟာ ကိုကိုပြန်ကြည့်ပါအုံး၊ ညစ်တီးညစ်ပတ်တွေနဲ့ မရှက်ဘူးလား"

ရတ်တရက် အသံချည့် ကြားနေရသဖြင့် ဇော်နိုင် မျက်လုံးပြူးသွားသည်။ စောစောစီးစီး ဒီအဘိုးကြီးနဲ့အဘွားကြီး အိမ်သာဝမှာ ဘာတွေညစ်တီး ညစ်ပတ်များ လုပ်နေကြပါလိမ့်ဟု စဉ်းစားမရ။

လှမ်းကြည့်လိုက်သောအခါ ဖေဖေ့ လက်ထဲမှာလည်း မြေဖြူခဲတချောင်းနှင့် အိမ်သာဝမှာ ငုတ်တုတ်ထိုင်လို့ မေမေက ဖေဖေ့လက်ကို အတင်းဖယ်ပြီး တံခါးဆီကို လက်လှမ်းသည်။

ဘာမှန်းမသိသဖြင့် အနားသို့ ကပ်သွားသောအခါ တံခါးပေါ်မှာ မြေဖြူနှင့် စာတွေ ရေးထားပြီး၊ မေမေက ထိုစာများကို အတင်း လုဖျက်နေခြင်း

ဖြစ်သည်။

“ကိုကိုရာ…ဖယ်စမ်းပါ…ဒီအရွယ်ကြီးကျမှ အိမ်သာမှာ စာတွေ ရေးတယ်လို့ လူကြားလို့ မကောင်းပါဘူး”

“မကောင်း…ကောင်းကောင်းကွာ၊ ငါဘာသာငါကြိုက်လို့ ရေးတာ ဘာဖြစ်လဲ”

“မရေးရဘူး”

“ရေးမယ်”

ဘာတွေ ရေးထားတာမို့ သည်လောက်ပြဿနာ တက်နေရတာ လိမ့်ဟု တွေးပြီး တံခါးပေါ်မှစာကို ဖတ်ကြည့်လိုက်သည်။

တံခါးပေါ်တွင် မြေဖြူနှင့် ရေးထားသည့်စာများက ထင်းနေ၏ ။

ဩော်…ဘဝ…ဘဝ…

စားခဲ့သမျှ…ထားခဲ့ရပေါ့။

ဝါးခဲ့သမျှ…သွားခဲ့ကြပေါ့။

မျိုခဲ့သမျှ…ယိုခဲ့ရပေါ့။

ဇော်နိုင် ပြုံးလိုက်သည်။

သည်ပြဿနာ သူဝင်ရှင်း၍ လည်း ရမည်မဟုတ်၊ ဖေဖေမှာကလည်း သူ့အကြောင်းပြချက်နှင့်သူ ခိုင်လုံနေသည်။

“ဒါ…ဘယ်လောက် သင်ခန်းစာယူဖို့ ကောင်းလဲ တနေ့တနေ့ စားလိုက်ဝါးလိုက်၊ မျိုလိုက်ဆို့လိုက်နဲ့ အရသာခံ လိုက်ကြတာ၊ လောဘကြီး လိုက်ကြတာ၊ သူများစားလဲ အကုန် ထားပစ်ခဲ့ရတာ ပဲ မဟုတ်လား၊ တနေ့တနေ့ ဒီအသိတရားတွေ ရှိနေဖို့လိုတယ်ကွ”

သူ့ဟာသူ ဘယ်လောက် ခိုင်လုံခိုင်လုံ မေမေကလည်း ပြတ်သည်။

"ကိုကို့ ဟာကိုကို...အသိတရားရရ ဘာရရ၊ အိမ်သာထဲမှာ မဟုတ်တရုတ်တွေ ရေးထားတာ ခင်ရှက်တယ်၊ မလိုချင်ဘူး၊ ကိုကို ရှုံးသွားတာနဲ့ ဖျက်ပစ်မှာပဲ"

"အေး ငါကလဲ ရှုံးကပြန်ရောက်တာနဲ့ ပြန်ရေးရမှာပဲ"

ဩော်...ဘဝ-ဘဝဟု ဇော်နိုင် သံဝေဂရစွာညည်းလိုက်၏။

***

အိမ်က သည်လိုဖြစ် ထွက်လာ၍ ပြီးပြီးလား အောင့်မေ့သည် ကျောင်းနား ရောက်ကာနီး လှည်းတန်း မီးပွိုင့်ကျတော့ ပြဿနာတခုနှင့် ထပ်ဆုံရပြန်၏။

လှည်းတန်းတွင် မီးပွိုင့်ဝင်ခါနီး ကျမှ သူ့ဘီအိုင်စီ ဘောပင်တွင် မင်ချောင်း ကုန်နေသည်ကို သတိရသည်။ ထို့ကြောင့် လမ်းဘေးတွင် ကားခဏ ရပ်ထားလိုက်ပြီး၊ မီးပွိုင့်ဘက် လမ်းလျှောက်သွားသည်။

ဝေါကနဲ အသံဆူဆူ ကြားလိုက်ရပြီး၊ ရုတ်တရက် ဘရိတ်အုပ်သံကြောင့် လှမ်းကြည့် လိုက်သောအခါ၊ မော်တော်ဆိုင်ကယ်တစီး ကျွီကနဲ မာန်ပါပါနှင့် မီးပွိုင့်တွင် ရပ်လိုက်သည်။

လမ်းဘေးမှ လူအားလုံး၏ မျက်လုံးအစုံက သူတို့ဆီ အကုန်ရောက်သွား၏။ မရောက်လို့လည်း မဖြစ်၊ ဆိုင်ကယ်ကလည်း ဘယ်နှစ်သောင်းကျော် တန်သော ဆိုင်ကယ်မှန်း မသိ၊ ယာယီနံပါတ်နှင့် အသစ်စက်စက်ကြီး၊ ပစ္စည်းတွေကလည်း စုံနေသည်။ မှန်တွေကော၊ မီးတွေကော၊ ဘာတွေ ညာတွေကော တစီးလုံးအပိုပစ္စည်းက ဆိုင်ကယ်၏ မူလ ပစ္စည်းထက်

ပိုများနေသည်။

ဆိုင်ကယ်ပေါ်မှာက စုံတွဲတတွဲ၊ စုံတွဲကလည်း ဆိုင်ကယ်နှင့် အပြိုင်။ ရှေ့က ပုဂ္ဂိုလ်ကလည်း ခေါင်းစွပ်တွေကော၊ ဂျာကင်တွေကော၊ မျက်မှန်တွေကောနှင့် ရှိုးအပြည့်။ သူ့မှာလည်း မူလပစ္စည်းထက် အပိုပစ္စည်းက ပိုများနေသည်။ နောက်ကနေသူ့ကို ဖက်လိုက်သော အမျိုးသမီးကလည်း အပုံစားမှ တကယ်ကို အပုံစား၊ ဖားလျားကျနေသောဆံပင်ကို ခေါင်းစည်းပဝါဖြင့် ထိမ်းချုပ်ထားသည်။

အင်္ကျီကလည်း ခေတ်ပေါ် စီမံကိန်းအင်္ကျီ ပါးပါးဖားဖားဖြင့် လုံချည်ကလည်း

ရှုံလုံချည်လား ဘာလား မသိ၊ ပြောင်ပြောင်ချောချော လှလှပပ။

နှစ်ယောက်လုံးကို ကြည့်ရတာ ကလည်း လောကကြီးကို ဘယ်လိုမှ ထီမထင်ဟန်မျိုး ရှေ့က ပုဂ္ဂိုလ်ကလည်း သည်ဆိုင်ကယ်တစီး ရှိခြင်းဖြင့် လောကကြီးကို နှစ်ကျပ်မတ်တင်း လောက်ဖြင့် အပိုင်ဝယ်ထားပြီးသည့်ပုံ ပေါက်နေသလို၊ လူမြင်တိုင်း အမြင်ကတ်ဖို့ ကောင်းသည့် ဂျစ်ကန်ကန်ရုပ်၊ နောက်က အမျိုးသမီးကလည်း ထိုယောကျ်ားကို နောက်ကနေ ခါးဖတ်ထားရသည်မှာ စကြာဝတေးမင်းကို ပိုင်စိုးထားရသလိုလို ခေါင်းသည် အပေါ်ဘက် လေးဆယ့်ငါးဒီကရီ မော့ထားသည်မှ နည်းနည်းမှ မကျ။

***

အဲ…ကျချင်တော့ ခွေးကျကို ကျသည်။

ရုတ်တရက် မီးပွိုင့်အစိမ်းလိုက်၊ ရှေ့ကပုဂ္ဂိုလ်က စက်ရှိန်ကို ဝူးကနဲ ကောက်တင်လိုက်ပြီး ဆောင့်အထွက်။ ဘယ်အချိန်က ဘယ်လို ကြားထဲဝင်နေမှန်း

မသိသည့် အမျိုးသမီး၏ ။ ထမိန်စကို ဆိုင်ကယ်ဘီးများက ဆောင့်ဆွဲလိုက်သလို ဖြစ်သွားသည်။ အမျိုးသမီး ဆိုင်ကယ်ပေါ်မှ ခွေကနဲ ပြုတ်ကျ ကျန်ခဲ့၏ ။

ရှေ့က ပုဂ္ဂိုလ်က သတိထားမိပုံမရ။ ဝေါကနဲထွက် ဝူးနဲမောင်းသွားသည်၊ အမျိုးသမီးလဲနေရာက လူးလဲထသည်။ ဟာကနဲ…အားလုံး၏ မျက်လုံးများ ပြူးကျယ်ကုန်၏ ။

ဆိုင်ကယ်ဘီးနှင့် ညပ်ပြီး လုံချည်က ပါသွားသဖြင့် အမျိုးသမီးမှာ ထဘီမရှိတော့။ အောက်ခံ ဘောင်းဘီတိုကလေးနှင့် လက်ကလေး ဟိုကာသည်ကာ လုပ်တော့ ရှေ့က ထွက်သွားသော ဆိုင်ကယ်ဆီ လက်ရမ်း ခေါ်သည်။ ဟိုကလုံးဝ မကြား။

ပတ်ဝန်းကျင် တခုလုံးလည်း သည်မြင်ကွင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်ကုန်သည်။ ရုတ်တရက် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်ကုန်၏ ။ အမျိုးသမီးမှာလည်း သနားစရာ၊ လမ်းအလယ်မှာ သူခမျာ ဖေါ်မပင်ရုံတမည် ဖြစ်နေသည်။

အဲ…ထိုစဉ် လူစွမ်းကောင်း တယောက် ရောက်လာ၏ ။ ရှေ့နေလား၊ ဥပဒေကျောင်းသားလားမသိ၊ သူ့ပုံကတော့မိသည်။ တိုက်ပုံအနက်နှင့် ရခိုင်လုံချည် အသစ်ချွတ်နှင့်။ လက်ထဲမှာ အတက်ချီကေ့စ်တခုကိုလည်း ဟန်ပါပါ ကိုင်ထားသေးသည်။

ထိုမြင်ကွင်းကို မြင်သည်နှင့် ထိုပုဂ္ဂိုလ်က ဘာလုပ်ရမှန်းတန်းကနဲ သိသည်။ အမျိုးသမီးရှိရာ လမ်းမအလယ်သို့ ပြေးသွားသည်။ ထိုနောက် အတက်ချီကေ့စ်လေး ဘေးချပြီး၊ သူ့ပုဆိုးကို ကမန်းကတန်း ချွတ်ချသည်။ သူ့ကိုယ်တွင် စစ်တပ်သုံး စွပ်ကျယ်သားဖြင့် ချုပ်ထားသော ဘောင်းဘီရှည်ရှည် ပွပွကြီးသာ ကျန်နေ၏ ။

သူ့ပုဆိုးကို အမျိုးသမီးက ကပျာကယာ လှမ်းယူပြီး ခေါင်းမှ စွပ်ချသည်။

ထိုစဉ် ဝေါကနဲ အသံကြီးနှင့်အတူ မော်တော်ဆိုင်ကယ်သမား ပြန်ရောက်လာသည်။ ဘယ်နားရောက်မှ သိလာသည် မပြောတတ်၊ မီးနီကို ဖြတ်ပြီး တအား မောင်းချလာသည်။

ဆိုင်ကယ်လည်း သူတို့အနား ထိုးအရပ်၊ အမျိုးသမီးလည်း ဆိုင်ကယ်ပေါ်ရောက် ဆိုင်ကယ်သမားက ဝေါကနဲပြန်မောင်း ထွက်သွားသည်။ မီးနီတွေ မျဉ်းဖြူတွေ ဘာတခုမှ ဂရုမစိုက်နေတော့၊ ရဲတွေပင် ကြောင်ပြီး ကြည့်နေ၏ ။

နောက်ဆုံး စာရင်းချုပ်လိုက်တော့ မီးပွင့်လမ်းဆုံ လမ်းခွအလယ်တွင် သူရဲကောင်း ရှေ့နေ ဇာတ်လိုက်ကြီးနှင့် တိုက်ပုံကြီးနှင့် မျက်နှာကြီး နီရဲကာ တယောက်တည်း ကျန်ခဲ့သည်။

ဆိုင်ကယ်တော့ ပြန်ကို လှည့်မလာတော့။

ဇော်နိုင် စိတ်မထိန်းနိုင်တော့ပဲ ရယ်ပစ်လိုက်သည်။ အနားကလူတွေလည်း တဝါးဝါးနှင့် ပွဲကြကုန်သည်။

ထိုရှေ့နေ ပုဂ္ဂိုလ်ကြီးလည်း ဆိုင်ကယ် ပြန်မလာတော့မှန်း သေချာသွားသောအခါမှ မျက်နှာကြီး နီရဲမဲမှောင်ကာ တောက်တချက် ခေါက်ယင်း လှည်းတန်းဈေးဘက် ထိုပုံစံအတိုင်းနှင့် ဆောင့်အောင့် ချီတက်သွားတော့သည်။

ကျောင်းထဲ ရောက်သောအခါ၊ ဇော်နိုင်က အတန်းထဲက သူငယ်ချင်းများကို ပြောပြသည်။ သူငယ်ချင်းအားလုံး အူတက်နေ၏ ။

***

“အဲဒီ လူူတော့ တော်တော် စိတ်ညစ်သွားပုံရတယ်၊ ဟိုစုံတွဲကလဲ ရှက်ရှက်နဲ့ လစ်ပြေးတယ် ထင်ပါတယ်ကွာ၊ လုံချည်လေးတောင် ပြန်လှည့်မပေး၊

ကျေးဇူးတင် စကားတောင်၊ ပြောမသွားဘူး၊ တချီထဲ သုတ်တာပဲ

“အဲဒီ လူတော့ ဆေးသွားရောပဲ၊ ဘယ်လိုလုပ် ပြန်သွားလဲ မသိဘူး”

အတန်းချိန် လိုသေးသဖြင့် ဂျဒ်ဆင်ကင်တင်းတွင် ထိုင်နေကြပြီး ထိုအကြောင်းကို စမြုံ့ပြန်နေကြသော သူတို့ဝိုင်းလေးမှာ ဆူညံနေသည်။

“ဘေးက လူတွေက ဝိုင်းဟားမှာပေါ့”

“ဟားတာပေါ့ကွ၊ အနားမှာ ကျောင်းသား ကျောင်းသူတွေချည့်ပဲဟာ၊ အားလုံး အူတက်နေတာပဲ ”

“မင်းတို့ကောင်တွေက မကောင်းတာကွာ၊ သူများ ဒုက္ခရောက်တဲ့ဥစ္စာ”

“ဒုက္ခရောက်တာက ဒုက္ခရောက်တာပဲ၊ ရယ်စရာကောင်းတာက ရယ်စရာပဲကွ၊ ဘယ်လိုလုပ် နေနိုင်မလဲ၊ ရယ်ချင်တာပေါ့”

ပြောလည်းပြော ရယ်လည်းရယ်၊ မျက်ရည်များပင် ကျလာသည်။ ကျလာသော မျက်ရည်ကို လက်ဖြင့်သုတ်ပြီး ရယ်ချင်စိတ်ကိုထိန်း၍ အာစီဘက် လှမ်းကြည့်လိုက်သည်။

“ဟင်...”

ဇော်နိုင့်တကိုယ်လုံး ဓာတ်လိုက်ခံရသလို တုန်သွား၏ ။ ရင်ထဲတွင်လည်း ဒိန်းကနဲ ခုန်သည်။

ထိုင်နေရာမှနေ ဝုန်းကနဲ ထရပ်ပြီးသား ဖြစ်သွား၏ ။

“ခိုင်ညွှာဦးပါ လား”

***

# ၇

အာစီထဲမှ သူငယ်ချင်းနှင့်အတူ ထွက်လာခဲ့ပြီး ဂျဒ်ဆင်နှင့် ဝိဇ္ဇာခန်းမကို ဆက်သွယ်ထားသည့် အဆောင်ကူးနတ်လမ်းလေးထဲသို့ ခေါင်းငုံ့ဝင်ခဲ့သည်။

နတ်လမ်းလေးမှ အပြင်ဘက် ပြန်အထွက်တွင် ဗြုန်းကနဲ ဇော်နိုင့်ကို တွေ့လိုက်သည်။ ခိုင်ညှာဦး ရင်ထဲ ထိတ်ကနဲ ဖြစ်သွား၏ ။

အအေးဆိုင်ထဲမှာ သူငယ်ချင်းတသိုက်နှင့် ရယ်မောနေသည့် ဇော်နိုင်က သူ့ကိုမြင်သည်နှင့် ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်သည်။

ခါတိုင်းညနေဘက်တွင် တွေ့သကဲ့သို့ ကြိုတင်ပြင်ဆင်မှုဖြင့် တွေ့ရသည်မဟုတ်သဖြင့် ဗြုန်းစားကြီးမို့ ခိုင်ညှာဦးလည်း ဘယ်လိုတုံ့ပြန်ရမည်မသိ။ ဇော်နိုင့်ထံတွင် အပြုံးတာခတွေ့လိုက်ရသော်လည်း သူ့ဘက်က ပြန်ပြုံး၍ မရ။ မျက်နှာပေါ်မှ ကြွက်သားများက ခေါင်းမာစွာ တင်းခံနေသည်။

ဇော်နိုင်ကတော့ ပြုံးလည်းပြုံးသည်။ သူငယ်ချင်းများထဲမှ ခွဲလာပြီး သူ့ဆီတည့်တည့်လည်း လျှောက်လာနေသည်။

ခိုင်ညှာဦး ရင်ဆိုင်ရခက်သွားသဖြင့် အလွယ်ဆုံး အလုပ်ဖြစ်သော မျက်လွှာချခြင်းကို ကပျာကယာ ပြုလိုက်သည်။

ချလိုက်သော မျက်လွှာအောက်တွင် အနားရောက်လာသော သူ့ခြေထောက်တစုံကို တွေ့ရသည်။ နီညိုရောင် ကတ္တီပါသဲကြိုးသေး ဖိနပ် စီးထားသော ဇော်နိုင့်ခြေထောက် ဖြူဖြူသည် သန့်သန့်ရှင်းရှင်း ရှိလှသည်။ နားထဲသို့ ဇော်နိုင့်ဝမ်းသာအားရသံလေး ကြားရ၏ ။

“ဘယ်လဲ မခိုင်ညှာဦး…အတန်းပြီးလို့ ပြန်မလို့လား”

"ဟုတ်ကဲ့"

"ကျွန်တော်တို့လဲ အတန်းမရှိတာနဲ့ ကင်တင်း လာထိုင်နေကြတာ၊ လာလေ...မခိုင်ညှာဦးကော၊ မခိုင်ညှာဦး သူငယ်ချင်းကော အအေး သောက်ကြပါအုံးလား"

"ကိစ္စမရှိပါဘူး၊ ခိုင်ညှာတို့ သောက်ပြီးပါပြီ၊ သွားမယ်နော်"

"ဩော်...ဟုတ်ကဲ့...ဟုတ်ကဲ့"

သည်ဘက်မှ လိုလိုလားလားနှင့် ဝမ်းပန်းတသာ မရှိလှသော အေးစက်စက် အမူအရာကြောင့် ထင်သည်။ ဇော်နိုင့်မျက်နှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်ကို တွေ့ရ၏။ ရှက်လည်း ရှက်သွားမည် ထင်သည်။ ခိုင်ညှာဦး စိတ်ထဲတွင် အားနာသလိုတော့ ဖြစ်သွား၏။ ရိုင်းချင်လည်း ရိုင်းသွားပေလိမ့်မည်။

သို့သော် မတတ်နိုင်။ သည်လို လူမျိုးကို သည်လောက် ဆက်ဆံနိုင်မှ တော်ကာကျမည်။ ဇော်နိုင့် မျက်နှာကို ခပ်ရဲရဲ ပြန်ကြည့်လိုက်၏။

ဇော်နိုင့်က ရှက်အမ်းအမ်း အမူအရာဖြင့် ကမန်းကတန်း လမ်းဖယ်ပေးသည်။

ခိုင်ညှာဦးကရပ်သွားသောခြေလှမ်းကိုပြန်လှမ်း၍ ခပ်မှန်မှန် ဆက်လျှောက်လာခဲ့၏။ နောက်ဘက်တွင် ဇော်နိုင် ကြောင်စီစီနှင့် ရပ်ကျန်ခဲ့သည့် သူငယ်ချင်းများနှင့် ပြန်ရင်ဆိုင်ဖို့ တော်တော်ခက်သွားမည်မှာ သေချာသည်။

"ကောင်းတော့ ကောင်းပါတယ်၊ တခါတလေလဲ ဒီလိုထိပေးအုံးမျှပေ့ါ" ဟု ရက်ရက်စက်စက်ပင်တွေး၍ ဟန်မပျက် ဆက်လျှောက်လာခဲ့၏။

ဘေးက သူငယ်ချင်းက မနေနိုင်။ ခိုင်ညှာဦးဘက် လှည့်၍ ခပ်တိုးတိုး မေးသည်။

"မင်းနဲ့ အသိလား...ခိုင်ညှာ"

“အင်း…သိပါတယ်”

“ဒါဖြင့်လဲ ခိုင်ညှာရယ်…နည်းနည်းပါးပါး စကားလေးဘာလေး ရပ်ပြောလိုက်ပြီးရော၊ သူ့ခမျာ ဝမ်းသာအားရလာ နှုတ်ဆက်တာ…”

သူငယ်ချင်းကပင် ကြားထဲက ဝင်အားနာသွားဟန် တူသည်။ အမှန်တော့ ဟုတ်လည်းဟုတ်သည်။ ဇော်နိုင်မဟုတ်ပဲ တခြားလူဆိုလျှင် ခိုင်ညှာလည်း သည်လောက် ရိုင်းမိမည် မဟုတ်။ ခိုင်ညှာ အားမနာတတ်သောမိန်းကလေး မဟုတ်ပါ။

သို့သော်…သူ့ကိုတော့ သည်လိုပဲဆက်ဆံရမည်ဟု ခိုင်ညှာဆုံးဖြတ်သည်။ သူငယ်ချင်းဘက်သို့လှည့်၍ အားနာပြုံး ပြုံးပြလိုက်ပြီ…

“မင်းမသိပါဘူး အေးရာ၊ ဒီလူ့ကို ဒီထက်ပိုပြီး ဆက်ဆံလို့ မဖြစ်ဘူး၊ မှတ်ထား…မင်းလဲ ဒီလိုလူမျိုးနဲ့တွေ့ယင် ဒီလောက်ပဲ ဆက်ဆံ”

သူငယ်ချင်းအေးက သူ့ကို နားမလည်သလို ပြန်ကြည့်သည်။

“ဒီလူနဲ့မင်းက ဘာဖြစ်ဖူးလို့လဲ”

ခိုင်ညှာ ပြုံး၍ ခေါင်းခါသည်။ အပြုံးသည် အလှပြုံးမဟုတ်၊ နာကျင်ပြုံးဟု သူ့ဘာသာသူသိသည်။

“တို့နဲ့လား…ဟင်အင်း…တို့နဲ့တော့ ဘာမှမဖြစ်ပါဘူး၊ တို့နဲ့ဒီလူနဲ့သိတာ ဘာမှမကြာသေးပါဘူး”

“ဒါဖြင့်…ဘာဖြစ်လို့”

“ဘာဖြစ်လို့လဲ ဆိုတော့ ဒီလူဟာ မိန်းကလေးတွေနဲ့ ပတ်သတ်ယင် စည်းကမ်းမရှိဘူး ဆိုတာကိုတော့ အစောကြီးထဲက သိထားနေလို့ပေါ့”

“ဩော်…”

အေးက နားလည်သွားသလို ကျေနပ်ပုံပြသည်။ သို့သော် တကယ်တမ်းတွင် သူ့စကားကို အေးနားလည်မည်မဟုတ်။ နားလည်စရာလည်း အကြောင်းမရှိ။

အဘယ်ကြောင့်ဆိုသော် သည်အကြောင်းကို သည်နယ်မြေတွင် သူကလွဲ၍ ဘယ်သူမှ သိမည် မဟုတ်သောကြောင့်ပင်။

***

“ဟော့ကောင်…မင်းက ဘယ်လိုဖြစ်တာလဲ”

အအေးဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ကျောက်စိမ်းက လှမ်းမေးသည်။ ဇော်နိုင့်မျက်နှာ နွေးကနဲ ဖြစ်သွား၏ ။

“အေးကွ၊ ငါလဲ နားမလည်ဘူး၊ ခုလောလောဆယ် ငါ့စိတ်ထဲမှာ လုပ်ချင်တာတခုပဲရှိတယ်၊ မနေနိုင် မထိုင်နိုင်သွားနှုတ်ဆက်မိတဲ့ ငါ့ကိုယ်ငါ ပါးရိုက်လိုက်ချင်စိတ်ပဲ”

“နေပါအုံး…အဲဒီ ကောင်မလေးက မင်းနဲ့သိလို့လား”

“မသိပဲနဲ့ သွားနှုတ်ဆက်မလားကွ၊ ငါက အရူးမှ မဟုတ်ပဲ”

“မင်းကသာ သိတယ်ပြောတယ်၊ မင်းက ထန်းလျက်ခဲ ကျွေးမယ့်သခင်ဆီပြေးတဲ့ခွေးကို ရွံ့လို့ အနားကပ်မခံသလို စတိလောက်ပဲ နှုတ်ဆက်သွားတယ်၊ မင်းနေရာမှာ ငါဆိုယင် ရှက်တာနဲ့ သေမှာပဲ”

ဇော်နိုင် သက်ပြင်းချသည်။

“ဟုတ်တယ် ကျောက်စိမ်း၊ ငါလဲ အခု ရှက်တာနဲ့ သေချင်ချင် ဖြစ်နေပြီ၊ အဲဒီ ကောင်မလေးက ဘယ်လိုကောင်မလေးလဲ မသိဘူး”

ကျောက်စိမ်းက ဇော်နိုင်အမူအရာကိုကြည့်ပြီး ရယ်သည်။ မျက်နှာကြီး နီရဲရဲဖြစ်၍ အထိုင်ခက် အထခက် ဖြစ်နေသော သူငယ်ချင်းကို လက်ဆွဲ၍ ကုလားထိုင်တွင် အထိုင်ခိုင်းလိုက်ပြီး...

"ကဲပါ...တခါလေထိတာပဲ၊ သိပ်လဲအခံရခက်မနေပါနဲ့ ဇော်နိုင်ရာ၊ နပိုလီယံတောင် စစ်ရှုံးသေးတာပဲ၊ ဇော်နိုင်လဲ တခါတလေ ခံရအုံးမှာပေ့ါ၊ ဘယ်ကနေဘယ်လို ကောင်မလေးနဲ့ သွားပတ်သက်မိပြန်သလဲ ဆိုတာပဲပြောပြပါအုံး၊ ငါ့စိတ်ထဲမှာ မင်း ဒီကိစ္စမျိုး ပြန်နာလန် မထူတော့ဘူး အောက်မေ့နေတာ "

ကျောက်စိမ်းစကားကြောင့် ဇော်နိုင့်ရင်ထဲ လှုပ်ကနဲ ဖြစ်သည်။ ကျောက်စိမ်းမျက်နှာကိုရော သူ့စကားကို စောင့်နားထောင်နေသော ကျန်သူငယ်ချင်းမျက်နှာကိုရော တချက်လှမ်းကြည့်သည်။

သည်ကိစ္စနှင့် ပတ်သက်၍ ကျောင်းက သူငယ်ချင်းတွေ တယောက်မှ မသိသေး။ ကြုံတုန်း ရင်ဖွင့်လိုက်ရလျှင် ကောင်းမည်ဟု ခုချိန် တပတ်လောက်ထိ ဇာတ်လမ်းလေးကို ပြောပြလိုက်သည်။

သံပုံးရည်သည် ခါးသက်သက် ဖြစ်နေ၏ ။

***

မာလာဆောင်ရှေ့ ကားမှတ်တိုင်တွင် အေးနှင့် လမ်းခွဲသည်။

အေးက လမ်းတဘက်ကူး၍ ရန်ကုန်ဘက်သွားသော ကားစီး၍ ပြန်ရမည် ဖြစ်သည်။ ခိုင်ညွာက ရှစ်ကား ကျောင်းကားကို စောင့်စီးရမည်။ ဝင်လာသော ကားများက ကိုးကားချည့်ဖြစ်နေသဖြင့် စူးရဲနေသော လွယ်အိတ်ဖြင့်ထောင်ကာယင်း ပြည်လမ်းတလျှောက် စိတ်ပျက်လက်ပျက်

လှမ်းကြည့်သည်။

စောစောက ကြောင်တက်တက် ရှက်အမ်းအမ်း ကျန်နေခဲ့သည့် ဇော်နိုင့် မျက်နှာ ဖြတ်ကနဲ ပေါ်လာ၏ ။

'သူတော့ တော်တော် ရှက်သွားမှာပဲ'

ခိုင်ညှာ့စိတ်ထဲ သနားသလိုလို စိတ်တခု ဝင်လာသည်။

'သူ့ခမျာ ဘာဖြစ်လို့ ငါဒီလိုလုပ်နေတယ်ဆိုတာ သိချင်မှ သိမှာ'

အတွေးက ဆက်စပ်သွားသဖြင့် မျက်စိထဲတွင် မမမျက်နှာကို ဖြတ်ကနဲ မြင်သည်။ မမစကားသံ တချို့နားထဲ ဝင်လာ၏ ။

"အဲဒီ လို လူမျိုးဟာ သိပ်ကြောက်ဖို့ ကောင်းတယ် ခိုင်ညှာ၊ မုန်းစရာကောင်းမုန်း သိနေရက်နဲ့ သူ့ကို မမုန်းနိုင်အောင် သူသိပ်လုပ်တတ်တယ်"

ရင်ထဲတွင် စူစူးနစ်နစ်လေး နာသွားသည်။

"အို...ဒီလိုလူမျိုးကို ဒီလိုဆက်ဆံမှ၊ ဒါတောင် ငါ့ဘက်က စကားတွေ ဘာတွေ ပြန်ပြောမိပြီး လွန်သွားသေးတယ်၊ အမှန်က လုံးလုံး ပြန်မပြောဖို့ကောင်းတာ"

ဟုတ်တယ်...လုံးလုံး ပြန်မပြောလိုက်ယင် ဘယ်လောက်ကောင်းမလဲ၊ သူ့ဟာသူ ပြောချင်ရာပြောပေ့ါ၊ ကိုယ်က အပြတ် ခပ်တည်တည် လုပ်ပစ်လိုက်ဖို့ကောင်းတယ်၊ သူ့ဟာသူ ရှက်လို့ လဲသေသေပေ့ါ၊ သေမှာလဲ မဟုတ်ပါဘူး၊ ဒီလိုလူမှာ ရှက်တယ်ဆိုတာ သိတောင် သိမှာ မဟုတ်ဘူး၊ ဒီလိုပဲ အမြဲ မျက်နှာပြောင်တိုက်နေမှာ။

မျက်လုံးထဲတွင် အအေးဆိုင် စကားဝိုင်းထဲမှနေ၍ ဝမ်းသာအားရ ပြေးလာသော ဇော်နိုင့် ဖော်ဖော်ရွေရွေ ဟန်လေးမြင်ယောင်လာပြန်သည်။

"သူကတော့ ငါ့ကို မြင်တာနဲ့ လှိုက်လှိုက်လှဲလှဲ

ပြေးလာနှုတ်ဆက်လိုက်တာ”

နံပါတ်ကိုး ကားတစီး ဆိုက်လာပြန်သည်။ ရာမညဆောင်ရှေ့ မှတ်တိုင်မှ တွယ်လိုက်လာသော ကျောင်းသားများကြောင့် ပြေးလိုက်သွားသော ကျောင်းသား ကျောင်းသူ တအုပ်ကြီး နောက်ပြန်ဆုတ်လာသည်ကို လှမ်းမြင်လိုက်ရသည်။

ခေါင်းထဲတွင် အမှတ်မထင် မေးခွန်းတခု ဝင်လာ၏ ။

‘နေပါအုံး၊ သူက ငါ့ကို အားရဝမ်းသာ ပြေးနှုတ်ဆက်ရအောင် သူနဲ့ငါနဲ့က ဘာဆိုင်လို့လဲ၊ ရပ်ကွက်ထဲက သင်တန်းမှာ မြင်ဖူးတွေ့ဖူးရုံရှိတာ၊ သူနဲ့ငါ တခါမှ စကားပြောဖူးတာလဲ မဟုတ်ဘူး’

ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သည်။ သင်တန်းမှာတွေ့စဉ် သူ့ကို လှမ်းလှမ်းကြည့်လေ့ရှိသော ဇော်နိုင့် မျက်လုံးများကို အမှတ်ရသည်။

‘ဟိုတုန်းကလဲ ငါ့ကို သူဘာဖြစ်လို့ ခဏခဏ လှမ်းကြည့်ရတာ လဲ၊ ဇကန္တ ငါသူ့ကို ကြည့်ကြည့်နေတာကို တမျိုးများ အောက်မေ့နေလား မပြောတတ်ဘူး’

ဇော်နိုင့်ကို တွေ့ကတည်းက ခိုင်ညွာက သတိထားကြည့်နေခဲ့သည်မှာ တခြားမဟုတ်။

ဇော်နိုင်က သူ့ကို မသိသော်လည်း ဇော်နိုင့်ကို သူကကောင်းစွာ သိနေသည်။ ဇော်နိုင်နှင့် ပတ်သက်၍ စိတ်ဝင်စားစရာ အကြောင်းတခုကလည်း ရှိနေသဖြင့် ဒီလိုလူးမျိုးဟာ ဘယ်လိုပါလိမ့်…ဆိုသော စူးစမ်းမှုဖြင့် ကြည့်ခြင်း ဖြစ်သည်။

ထိုအကြည့်ကို ဇော်နိုင် အဓိပ္ပာယ်တမျိုး ကောက်ယူများနေပလား။

သည်တချက်က ခိုင်ညွာ လုံးဝ မျှော်လင့် မထားသော အချက်။ သူနှင့် ဇော်နိုင် သည်လို တွေ့ပုံမျိုးနှင့် ဆုံဆည်းရလိမ့်မည်ဟု သူတခါမှ မတွေးထင်မိခဲ့။

'ဟုတ်ချင်မှလဲ ဟုတ်မှာပါလေ၊ သူ့မျက်စိထဲမှာ ငါက မလောက်လေး မလောက်စားလေး ဖြစ်ချင်လဲ ဖြစ်နေမှာပါ...'

ခိုင်ညွှာက စိတ်ဖြင့် အသက်ချင်း တွက်ကြည့်သည်။ အသက်ကတော့ အတိအကျ သိနိုင်မည်မဟုတ်။ အတန်းနှင့် တွက်ကြည့်လျှင် ဇော်နိုင်က သူ့ထက်နှစ်တန်းကြီးသည်။ ဇော်နိုင်ကသင်္ချာအဓိကဖြင့် ဂုဏ်ထူးတန်း၊ သူက ဓာတုဗေဒဖြင့် တတိယနှစ် ၊ဇော်နိုင်က နှစ်တန်းကြီးသည်။ အသက်အနည်းဆုံးနှစ်နှစ်တော့ ကြီးနိုင်သည်။

ဖြစ်နိုင်သည်။ မမက ခိုင်ညွှာထက် လေးနှစ်ကြီးသည်။

ထိုစဉ် မှတ်တိုင်၌ ရှစ်ကားတစီး ရပ်၏ ။

ကျပ်နေသည်။ သို့သော်...တိုးတိုးဝှေ့ဝှေ့ ဆိုလျှင်တော့ ရနိုင်စရာရှိ၏ ။

ခိုင်ညွှာ ခပ်သွက်သွက်လေး ပြေးသွားသည်။

"လာ...လာ...အစ်မတို့၊ တက်...တက်၊ လူတွေကျပ်နေလို့ မတက်နိုင်ဘူးမထင်နဲ့၊ နှစ်ဆယ်ရာစုထဲမှာ ဒီကား အချောင်ဆုံးပဲ၊ တတိယကမ္ဘာစစ်ပြီးမှ ဒီထက်ချောင်တဲ့ကား လာမှာ..."

စပါယ်ယာက အားပေးသည်။

လောလောဆယ် ကားပေါ်ရောက်ဖို့က အရေးကြီးနေသဖြင့် ခိုင်ညွှာ့အတွေးစများ ဘယ်ရောက်သွားမှန်းပင် မသိ။

*

ဝုန်းကနဲ...ဝုန်းကနဲ ရေသုံးလေးခွက် ဆင့်၍ လောင်းချလိုက်သည်။

သည်လိုလုပ်ခြင်းဖြင့် စိတ်ထဲက ရှက်ခြင်းများ ကုန်လျော့သွားမည်လား

ထင်မိသည်။

သို့သော်...ဘာမှမဖြစ်။ ရေအကျ ရပ်သွားသည်နှင့် စောစောက အတွေးများ ပြန်ဝင်လာပြန်သည်။ အတွေးထဲမှာ တခုခု ရှက်စရာတွေ့လိုက်လျှင် သူလုပ်လေ့လုပ်ထ ရှိသည့်အတိုင်း လက်ကို သေနတ်ချိန်သလိုချိန်၍ မျက်စိတဘက်မှိတ်ပြီး သေနတ်နှင့် ပစ်ချသလို လက်ညှိုးကို ကွေးပစ်လိုက်သည်။

သည်ကိစ္စကို ဇော်နိုင် တနေ့ခင်းလုံး ဖျောက်ပစ်၍ မရ။

အိမ်ပြန်ရောက်၍ တယောက်တည်းစဉ်းစားသည့်အခါ ပိုဆိုးလာသည်။

သာမာန်အားဖြင့် ရိုးရိုးမိန်းကလေးတယောက်နှင့်ဆို ဘာမှပြဿနာမရှိ။ နောက်ပြီးတော့ သူကလည်း ခပ်မှန်မှန်ခပ်တည်တည် သွားနှုတ်ဆက်မိသည်ဆိုလျှင် ပြဿနာမဟုတ်။

စိတ်ထဲတွင် ဘာပဲဖြစ်ဖြစ် ခိုင်ညွှာဦးက သူ့ကို လိုလိုလားလား စကားပြောချင်နေမည်ဟု ထင်ထားမိသည်။ စိတ်ထဲကလည်း ခိုင်ညွှာဦး၏ အကြည့်လေးများကို သူ့ဘာသာသူအဓိပ္ပာယ်တမျိုး ကောက်ထားခဲ့သည်။ အတန်းထဲမှာ ခင်လှမြင့်တို့ သန်းသန်းစောတို့လို သူနှင့် ရင်းရင်းနှီးနှီး လာမဆက်ဆံခြင်းကိုပင် သူ ကျိတ်ကျေနပ်ခဲ့တာလေးတွေ ရှိသည်။

ထို့အတွက် ခိုင်ညွှာဦးကို တွေ့တွေ့ချင်း သူဝမ်းသာအားရ ပြေးသွားမိခြင်း ဖြစ်သည်။

ခုတော့ သူ့ဘက်က အရမ်းကျွန်ပျက်သွားပြီး ခိုင်ညွှာဦးက အရမ်းကျွန် ရှိပြသွားသည်။

ထားတော့...သည်တယောက်နှင့် ဘယ်တော့မှ ပြန်မတွေ့ရတော့လျှင် ထားတော့။

“ဒီလောက်ရှိလှတာ နေရော့ကွာ” ဆိုပြီး ခပ်တည်တည်နှင့်

ကိုယ့်ဘာသာကို နေသွားနိုင်သည်။

ခုတော့ သည်လိုမဟုတ်၊ ညနေကျ ပြန်တွေ့ရဦးမည်။ ထိုအချိန်မှာ ကိုယ်က ဆရာကြီးသမားကြီး သွားလုပ်ရမည့်သူ။ သည်ကိစ္စကို အသားယူပြီး ခင်လှမြင့်တို့ သန်းသန်းစောတို့ကို သူမရောက်မီကြို၍ ...

"နင်တို့လူက အရှက်နည်းနည်းမှ မရှိပါဘူးကွာ၊ ငါကသူ့ကို တစက်မှအရောမဝင်တာတောင် နေ့ခင်းကကျောင်းမှာ ငါ့ကိုတွေ့တော့ ဣန္ဒြေတောင် မဆည်နိုင်ဘူး၊ အူယား ဖားယား ပြေးလာပြီး မျက်နှာလိုမျက်ရ လာလုပ်တယ်၊ ငါအမြင်ကတ်တာနဲ့ ခပ်တည်တည် ပိတ်ပြောပစ်လိုက်တာပေ့ါ"

ဘာညာ...စသဖြင့် ပြောထားလျှင် သူသေပြီ။

"ငါကွာ...ငါ့ဘာသာ နေမြဲတိုင်း အေးအေးဆေးဆေး နေခဲ့ယင် အကောင်းသား"

အမှန်လည်း သူ သည်ဘက်ပိုင်းမှာ ခြေငြိမ်လက်ငြိမ်နေခဲ့တာကြာပြီ၊ ပြောရလျှင် သည်လောက် ရှုပ်ပွေခဲ့သူမှာ ရည်းစားတယောက်မှ ခုချိန်မရှိတာသာကြည့်။

ရှုပ်ခြင်းပွေခြင်းကိစ္စများကို မကောင်းဘူးဟု နားလည်ခဲ့ပြီးသည့်နောက်ပိုင်း ခိုင်ညွှာဦးကို ပထမ ဆုံးအကြိမ် ပြန်ချစ်တတ်မိခြင်း ဖြစ်သည်။

ခိုင်ညွှာဦးကျတော့ ဘာကြောင့်မှန်းမသိ။ တွေ့တွေ့ချင်းကပင် စိတ်ထဲမှာ မက်မောသည်၊ ခိုင်ညွှာဦးဆိုသည့် ကောင်မလေးသည် လှတော့လှသည်။ သို့သော် အရမ်းလှသည့် မိန်းကလေးများနှင့် ယှဉ်လိုက်လျှင် သည်လောက်လှသည်မဟုတ်။

ခိုင်ညွှာဦးထက်လှသော မိန်းကလေးများကိုပင် သူ မငြိတွယ်ဖြစ်ခဲ့တာကြာပြီ။

ခိုင်ညှာဦးမှာ ဖမ်းစားတတ်သောအရာ တခုရှိသည်ဟု သူသိ၏ ။ ထိုအရာသည်ကား တခြားမဟုတ်နိုင်၊ မျက်လုံးပင် ဖြစ်သည်ဟု သူသိသည်။

တခါတခါ မျက်လွှာပင့်၍ ကြည့်လိုက်သာအခါ မျက်လုံးကြည်ကြည်ထဲတွင် သူနားမလည်သော စကားပေါင်း မြောက်မြားစွာ ပြောဆိုနေတတ်သည်။

သည်မျက်လုံးမျိုးက သူသိပ်ဆွဲလမ်းခဲ့ဖူးသော မျက်လုံးများပင်။

ရင်ထဲသို့ ညို့ကနဲ အမှောင်ရိပ်တခု ဝင်ရောက်လာသည်။

သူ့ကံကြမ္မာသည် ဝဋ်ကြွေးတခုကိုဆပ်ရန် အလှည့်ကျနေပြီလား မပြောတတ်။

မမကို သူသတိရ၏ ။

သွားရမှာ ခက်နေသော်လည်း ဒါလေးတခုကြောင့် ကိုယ်ရမည့်အလုပ်ကို ဆက်မလုပ်ရဲတော့ ဆိုသည်က ကိုယ့်ကိုယ်ကို ပိုရှက်ဖို့ကောင်းသဖြင့် နောက်မှ နောက်လျှောက်လျှားသဘောထားပြီး အိမ်မှထွက်လာခဲ့သည်။

ဘိုးတော်တို့အိမ် အယင်ဝင်ရသည်။ ဘိုးတော်ကိုဝင်ခေါ်ပြီး ဓမ္မရုံကို သွားသည်က ထုံးစံ။

သို့သော် ဒီနေ့ ဘိုးတော် ပုံစံက တမျိုးဖြစ်နေသည်။ ရောက်သည့်အချိန်မှာ ခါတိုင်းလိုပင် ဘိုးတော် အဝတ်အစားလဲပြီး အသင့်စောင့်နေသော်လည်း မျက်နှာက ခါတိုင်းလိုမကောင်း။

အိမ်ဝမှာ သူ့ကိုမြင်မြင်ချင်း ဘိုးတော်ထလာသည်။ မျက်နှာက မှုန်ကုပ်နေသည်။ ဇော်နိုင်က နာရီလှမ်းကြည့်ပြီး နည်းနည်းစောနေသေးသဖြင့်...

“သွားတော့မလို့လား၊ နည်းနည်းစောပါသေးတယ်”

ဘိုးတော်ရှုံ့မဲ့ပြီး ခေါင်းကို ခါယမ်းသည်။

“နေပစေကွာ၊ စောစော သွားစရာရှိ သွားတာပဲကောင်းတယ်။ ဒီနေ့ စိတ်က သိပ်ကောင်းတာမဟုတ်ဘူး”

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမလဲကွ၊ လူတွေက ဟုတ်ကိုမဟုတ်ဘူး၊ သေသေချာချာ ပြောထားတဲ့ကြားက မလုပ်ပါနဲ့ဆိုတဲ့ အလုပ်ကို လုပ်ဖြစ်အောင်လုပ်တယ်၊ ပြီးတော့ ရှက်ရကောင်းမှန်းလဲ မသိဘူး”

ဇော်နိုင့်တကိုယ်လုံး ဖြတ်ကနဲ တုန်ခါသွားသည်။ ဘိုးတော် မျက်နှာကိုလည်း တအံ့တဩ လှမ်းကြည့်သည်။ ဘိုးတော် မကျေမနပ်နှင့် သူ့ကို တွယ်နေပြီဟု ထင်မိသည်။ ဘိုးတော်ဘယ်ကနေဘယ်လို သိသွားတာလဲ မသိဘူးဟု တွေးသည်။ ပိုသေချာချင်သဖြင့်…

“ဘယ်သူကလဲ”

“ဘယ်သူကမလဲကွ၊ ငါတို့ဆီက ကောင်တွေပေါ့”

“ဘာဖြစ်လို့လဲ”

“ဟာ…ညနေက တို့ရပ်ကွက်ကကောင်တွေနဲ့ ကမ်းနားနဲ့ ဘောလုံးကန်တယ်၊ ရပ်ကွက်ပေါင်းစုံပါ ပွဲကွာ”

တော်ပါသေးရဲ့ဟု စိတ်ထဲက အောက်မေ့သည်။ အလုံးတလုံး လျှောကျသွား၏ ။

“မြို့နယ် ဒိုင်းပွဲလား”

“အေးပေါ့၊ ဖိုင်နယ်ပွဲကွာ…တို့ရပ်ကွက်က သေချာပေါက် နိုင်ရမယ့်ပွဲ၊ ကမ်းနားဆိုတာ တသက်လုံးက ငယ်နိုင်”

ဘောလုံးပွဲကိစ္စ ဖြစ်သွားပြီးမို့ နားသာ ထောင်နေရသည်။ ဇော်နိုင် စိတ်သိပ်မဝင်စားတော့။

"လူတိုင်းကလဲ တို့ဘက်က နိုင်မယ်လို့ပဲ တွက်ထားတယ်၊ လောင်းနေကြတာလဲ တို့ဘက်က အထက်ကြေးပဲ၊ တမြို့လုံးတို့ဘက်ကပဲ လောင်းတယ်။ တဂိုးကျော်တွေတောင် ပေးတဲ့လူက ပေးတယ်"

"ခု ဘယ်လိုဖြစ်သွားလို့လဲ"

"ဘယ်လိုဖြစ်ရမလဲ...ခေါက်ဆွဲစားတာပေါ့ကွ၊ ဘောလုံးကို ကန်မှမကန်တော့ပဲ၊ ကိုယ့်ခြေရောက်လာလိုက် သူများခြေထဲ ပြန်ကန်ထည့်ပေးလိုက်နဲ့ ငါကြည့်နေတယ်၊ အဲဒီ ကောင်တွေ ကွင်းတဝက်ကို မကျော်ဘူး"

"ဒါနဲ့ ဟိုဘက်အသင်းကချည့် သွင်းသွားတယ် ဆိုပါတော့"

"သွင်းမလားကွ၊ ဟိုဘက်ကကောင်တွေလဲ စားတာပဲ။ ဟိုဘက်က မကန်ဘူး၊ ဒီဘက်ကလဲ မကန်ဘူး၊ ခြေထောက်ထဲ ဘောလုံးရယင် သူများခြေထဲချည့် ကန်ထည့်ပေးတာပဲ"

"ဒါဖြင့် သရေဖြစ်မှာပေါ့"

"သရေမဖြစ်လို့ ဒေါကန်တာပေါ့ကွာ...သရေမဖြစ်လို့ ဒေါကန်တာပေါ့၊ ငါတို့ဘက်ကကောင်တွေက ဘယ်လောက်များလဲလို့၊ ကိုယ့်ဘက် ဖြပေးတယ်၊ ဟိုဘက် ကန်မလားလို့၊ ဟိုဘက်ကလဲ မကန်ဘူး၊ သူဖြကိုယ်ဖြ ဖြနေတယ်မှန်းလဲသိရော ဘာလုပ်လဲသိလား"

"ဘယ်သိမလဲ"

"ကိုယ့်ဂိုး ကိုယ်ပြန်သွင်းပစ်တယ်၊ ဒါမှလဲ ရှုံးတော့မှာကိုး ရှုံးမှ သူတို့ ပိုက်ဆံရမှ မဟုတ်လား၊ မရှုံးရှုံးအောင်ကို လုပ်တော့တာပဲ"

"ဟာ...လွန်လှချည်လား"

"အဲဒါကြောင့် ပြောတာပေါ့၊ အရှက်ကိုမရှိဘူးလို့၊ လောကမှာ

အဲလောက်အရှက်နည်းဖို့တော့ မကောင်းဘူးကွာ၊ မသိမတာ လုပ်ယင် မပြောဘူး၊ ခုတော့ သိသာတာမှ ဒီထက်သိသာတာကို မရှိတော့ဘူး၊ ပွဲကြည့်တဲ့သူတွေက အမြင်ကတ်ကတ်နဲ့ ကွင်းထဲဝင်ရိုက်တာ၊ အားလုံး ထိပ်ပေါက်ခေါင်းကွဲနဲ့ ဆေးရုံရောက်နေကြပြီ၊ တသင်းလုံးလဲ မြို့နယ်က ကစားခွင့်ပိတ်ပစ်လိုက်ပြီ၊ သူတို့အစား ငါက ကြားထဲက ရှက်နေတယ်”

ဇော်နိုင်မျက်နှာ နွေးကနဲ ဖြစ်သွားသည်။

“ငါ့အကြောင်းသိယင်လဲ ကြားထဲကနေ မင်းရှက်အုံးမှာပဲ ဘိုးတော်၊ ငါလဲ အလကားနေယင်း ကိုယ့်ဂိုးကိုယ်ပြန်သွင်းထားမိနေတယ်”

လှမ်းလက်စ ခြေလှမ်းများပင် နှေးတုံ့သွား၏။

***

ဓမ္မာရုံရှေ့ ရောက်သောအခါ ခြေလှမ်းများ အလိုလို နောက်တွန့်သွားသည်။

ဘာဖြစ်ဖြစ် ကိုယ့်ဘက်က သည်တခါ ဣန္ဒြေမပျက်ရအောင် ခပ်တည်တည် ရင်ဆိုင်ရမည်ဟု တင်းထားသည့်ကြားက မျက်နှာပူချင်လာသည်။ ထို့ကြောင့် ရှေ့က မဝင်ရဲတော့ပဲ ဘိုးတော်နောက်မှဝင်ရန် မသိမသာ နောက်ဆုတ်နေလိုက်သည်။

ဘိုးတော်ဆိုသည့် ကောင်ကလည်း အလိုက်ကမ်းဆိုးမသိ။

“ဝင်လေကွာ…ဘာလုပ်နေတာလဲ”

“သွားပါ…မင်းရှေ့ကသွား”

“ဖြစ်ပြန်ပြီ…မင်းကလဲ အချိုးက တမျိုး”

စိတ်တိုလက်စရှိနေသော ဘိုးတော်က ခပ်ဆောင့်ဆောင့်ပြောယင်း ရှေ့မှဝင်သွားသည်။ ဘိုးတော် စိတ်တိုနေခြင်းကိုပင် ကျေးဇူးတင်သလိုလို ဖြစ်သွား၏ ။

"ကျော်စိုး မင်းတို့ရပ်ကွက်ကကောင်တွေ ဘယ်လိုဖြစ်တာလဲ"

အထဲ ရောက်ရောက်ချင်း ကိုနေဦးက လှမ်းမေးသည်။ ဘိုးတော်ကလည်း ပြောချင်ချင်မို့ အတော်ဖြစ်သွား၏ ။

"မပြောချင်ဘူးဗျာ၊ သေချင်းဆိုးတွေ တခါထဲ ပွဲချင်းပြီး ကုန်ကြဖို့ကောင်းတာ"

"ဘယ်လို ဖြစ်တာလဲခေါက်ဆွဲစားကြတာ မဟုတ်လား"

ဘောလုံးပွဲကိစ္စမို့ စိတ်ဝင်စားကြသော ကိုအေးဝင်းတို့ စောပိုင်တို့ပါ ဝိုင်းသွားကြသည်။ ဇော်နိုင် မသိမသာ မျက်လုံးဝေ့ကြည့်သည်။ ခင်လှမြင့်နှင့် သန်းသန်းစောတို့က သည်နေ့ဝေမည့် အဆိုင်းမင့်စာရွက်များကို ငုံ့ဖတ်နေသည်။

ခိုင်ညွှာဦးက သူ့ကို ရပ်ကြည့်နေ၏ ။

အကြည့်ချင်း ဆုံသွားသည်တွင် ဇော်နိုင်က ခပ်တည်တည်လုပ်၍ တမင်ကြည့်လိုက်သည်။

"ကိုဇော်နိုင်…ခဏ"

မြတ်စွာဘုရား…ဟု ဇော်နိုင် အံ့ဩတကြီး ဘုရား တလိုက်သည်။ လောကကြီး ဘယ်လိုဖြစ်ကုန်ပြီနည်း။

ခိုင်ညွှာဦးက အသံမထွက်သော်လည်း နှုတ်ခမ်းလှုပ်ပုံကြည့်၍ သိသာသော အမူအရာဖြင့် သူ့ကို လှမ်းခေါ်နေ၏ ။

အမယ်မင်း…လက်ကလေးများပင် ယပ်၍ ခေါ်နေဘိသည်တကား။

***

“ဘာကိစ္စလဲ...မခိုင်ညှာဦး”

နေ့ခင်းက ထိထားသည့် ကိစ္စလေးကို ပြန်သတိရသဖြင့် အနားသို့လျှောက်သွားသည့်တိုင် မပြုံးရဲ၊ မရယ်ရဲ။ ခြေလှမ်း မသွက်ရဲ။ မေးတော့လည်း ခပ်တည်တည်ပင်။

ခိုင်ညှာဦးက မျက်လွှာတချက်ချသည်။

ပြီးမှ မျက်လွှာတခါလှန်ကြည့်သည်။ ထို့နောက် မျက်နှာပေါ်တွင် အပြုံးလေးတခု ပေါ်လာသည်။

“နေ့ခင်းတုန်းက လေ...ကိုဇော်နိုင်နဲ့လဲ တခါမှ စကားမပြောဘူးတော့ ဗြုန်းကနဲ လာနှုတ်ဆက်လဲ နှုတ်ဆက်ရော ခိုင်ညှာ ဘာပြန်ပြောရမှန်း မသိတာနဲ့ ခပ်တည်တည်ကြီး လုပ်လိုက်သလို ဖြစ်သွားတယ်၊ ဘယ်လိုမှ မအောက်မေ့နဲ့နော်”

အားပါး...ချိုလိုက်သည့်အသံ၊ ချွဲလိုက်သည့် အသံလေး။ ယောကျ်ားဘသား ဇော်နိုင် တခါတည်း အရည်ပျော်ကြသွား၏ ။

“ဩော်...ကိစ္စမရှိပါဘူး၊ တို့ကလဲ ကျောင်းမှာ တခါမှ မဆုံဘူးတော့ တွေ့လည်းတွေ့ရော ဝမ်းသာသွားတာနဲ့ အားရပါးရ ပြေးနှုတ်ဆက်လိုက်တာပါ”

“အင်းလေ...သိသားပဲ၊ တို့လဲပြန်တွေးပြီးတော့မှ အားနာသွားတယ်၊ သူက တို့ကို အဲဒီ လို ခင်မှန်းမှ မသိတာ”

ဇော်နိုင်ဘက်ကနေ ဘယ်လိုပြုံးမိသွားမှန်းမသိ။ ငယ်လျှင်ကိုယ့်ထက် တနှစ် နှစ်နှစ်တော့ ငယ်မည်ဟု ထင်သည်။ သို့သော် သူကလည်း တို့တွေဘာတွေနှင့် ရွယ်တူလို ပြန်ဆက်ဆံပြီး ပြေပြေပြစ်ပြစ် ချွဲချွဲနွဲ့နွဲ့လုပ်ပြီမို့...

“ဒါဖြင့် နောက်ကို ဒီလိုမလုပ်ကြေးနော်။ ခိုင်ညှာ့ကို တို့အရမ်းခင်တယ်၊

တို့ကိုလဲ အဲဒီ လိုပဲခင် ဟုတ်လား"

"အင်း..."

"အင်းဆိုတာ ဘာလဲ၊ အားနာလို့ ပြောတာပဲလား၊ တကယ်ကော ခင်ရဲ့လား"

"အိုး...တကယ်ခင်လို့ပေါ့...မယုံဘူးလား...ရော့"

ဇော်နိုင့်ရင်ထဲ ဝမ်းသာလုံးများ အတုံးလိုက် အခဲလိုက်ဆို့ တက်သွားသည်။ ခိုင်ညွှာဦး လုပ်လိုက်ပုံလေးကိုလည်း ကြည့်ပါဦး။

မယုံဘူးလား...ရော့...ဆိုသည့် စကားနှင့် တပြိုင်တည်း လက်ကလေး ဆန့်ထုတ်သည်။ လက်ချောင်း ဖြူဖြူလေးများဖြင့် လက်ညှိုးနှင့် လက်ခလယ်ကို ကလေးများ ခေါ်တမ်းမေခေါ်တမ်း လုပ်သလို ကွင်းကလေး ဝိုင်းပေးထားသည်။

ဇော်နိုင် ကျေကျေနပ်နပ်ကြီးနှင့် ဝမ်းသာအားရ ပြုံးသည်။

"ဟော့...လုပ်လေကွာ၊ ဘယ်လိုလဲ၊ မခင်တော့ဘူးလား"

"အာ...မဟုတ်ပါဘူး၊ ခင်တာပေါ့"

ကမန်းကတန်းပြောယင်း လက်ကွင်းဝိုင်းလေးကို ကမန်းကတန်း နှိပ်ပေးလိုက်သည်။

နှစ်ယောက်သား အားရပါးရ ရယ်လိုက်ကြသည်။

"အဟမ်း..."

ချောင်းဟန့်သံတခု သိသိသာသာ ပြုသံကြားသဖြင့် ဇော်နိုင်ထိတ်ကနဲ ဖြစ်သွားပြီး လှမ်းကြည့်လိုက်သည်။

ဘိုးတော်က မျက်လုံးကြီးပြူး၍ စိုက်ကြည့်နေ၏ ။

*